စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများ၏
# ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှမတ်လအထိ)
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
# (In Year Report)

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်
## ဒုတိယ(၃)လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာ ( In Year Report)

၁။ ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းအားလုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဒုတိယ(၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်းအကောင်အထည် ဖော်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၅,၁၁၀,၇၃၁.၈၈၇ | ၅,၈၆၈,၆၃၄.၅၅၀ | ၆,၀၉၀,၇၃၂.၀၆၁ | ၁၀၃.၇၈% |
| | သာမန် | ၄,၇၅၅,၉၆၈.၉၁၀ | ၄,၈၄၉,၄၇၅.၂၃၂ | ၅,၄၇၂,၉၀၃.၆၁၃ | ၁၁၂.၈၆% |
| | ငွေလုံးငွေရင်း | ၃၉,၂၃၆.၉၄၉ | ၁၆၄,၁၄၂.၃၈၇ | ၂၈,၄၆၅.၇၀၈ | ၁၇.၃၄% |
| | ကြွေးမြီ | ၃၁၅,၅၂၆.၀၂၈ | ၈၅၅,၀၁၆.၉၃၁ | ၅၈၉,၃၆၂.၇၄၀ | ၆၈.၉၃% |
| (ခ) | သုံးငွေ | ၅,၁၀၇,၈၁၇.၆၃၂ | ၇,၄၁၃,၃၁၀.၈၉၄ | ၅,၈၆၃,၅၅၆.၃၉၂ | ၇၉.၀၉% |
| | သာမန် | ၃,၇၄၇,၈၃၄.၀၉၇ | ၄,၈၉၄,၁၀၀.၈၀၂ | ၄,၃၃၂,၃၉၉.၁၈၉ | ၈၈.၅၂% |
| | ငွေလုံးငွေရင်း | ၁,၀၅၄,၅၃၅.၈၂၄ | ၁,၉၆၆,၇၅၃.၉၄၅ | ၉၆၃,၁၉၃.၆၂၈ | ၄၈.၉၇% |
| | ကြွေးမြီ | ၃၀၅,၄၄၇.၇၁၁ | ၅၅၂,၂၅၆.၁၄၇ | ၅၆၇,၉၆၃.၅၇၅ | ၁၀၂.၈၄% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+)၂,၉၁၄.၂၅၅ | (-)၁,၅၄၄,၆၇၆.၃၄၄ | (+)၂၂၇,၁၇၅.၆၆၉ | |

၂။ ဗဟိုအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၅၁၂.၃၈၁ | ၂၈၁.၉၈၃ | ၄၈၁.၁၅၃ | ၁၇၀.၆၃% |
| | သာမန် | ၃၀၆.၄၈၈ | ၁၃၈.၇၉၆ | ၃၉၈.၉၄၂ | ၂၈၇.၄၃% |
| | ငွေလုံးငွေရင်း | ၈၂.၃၅၆ | ၅၇.၂၇၅ | ၃၂.၈၈၄ | ၅၇.၄၁% |
| | ကြွေးမြီ | ၁၂၃.၅၃၇ | ၈၅.၉၁၂ | ၄၉.၃၂၇ | ၅၇.၄၂% |
| (ခ) | သုံးငွေ | ၁၈,၆၅၇.၁၁၇ | ၄၃,၄၁၅.၄၁၄ | ၂၃,၈၇၃.၇၁၆ | ၅၄.၉၉% |
| | သာမန် | ၁၆,၄၅၇.၁၇၈ | ၃၃,၈၈၃.၂၉၂ | ၁၉,၅၆၅.၃၈၈ | ၅၇.၇၄% |
| | ငွေလုံးငွေရင်း | ၂,၁၉၉.၉၃၉ | ၉,၅၃၂.၁၂၂ | ၄,၃၀၈.၃၂၈ | ၄၅.၂၀% |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/ လိုငွေ(-) | (-)၁၈,၁၄၄.၇၃၆ | (-)၄၃,၁၃၃.၄၃၁ | (-)၂၃,၃၉၂.၅၆၃ | |

၃။ ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပေါင်း အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပေါင်း | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၂,၈၃၁,၈၆၉.၈၇၅ | ၂,၉၂၀,၉၁၈.၇၃၁ | ၂,၉၆၂,၄၆၈.၆၂၃ | ၁၀၁.၄၂% |
| | သာမန် | ၂,၆၆၀,၃၃၇.၈၈၂ | ၂,၂၁၈,၁၂၅.၉၄၈ | ၂,၅၄၆,၅၄၀.၄၇၀ | ၁၁၄.၈၁% |
| | ငွေလုံးငွေရင်း | ၂၈,၇၅၀.၄၇၀ | ၁၄၀,၂၁၂.၀၇၀ | ၂၁,၆၀၅.၃၅၁ | ၁၅.၄၁% |
| | ကြွေးမြီ | ၁၄၂,၇၈၁.၅၂၃ | ၅၆၂,၅၈၀.၇၁၃ | ၃၉၄,၃၂၂.၈၀၂ | ၇၀.၀၉% |
| (ခ) | သုံးငွေ | ၂,၈၀၄,၆၉၉.၇၆၅ | ၄,၁၉၂,၈၀၂.၅၀၂ | ၃,၀၈၇,၇၈၂.၆၅၃ | ၇၃.၆၄% |
| | သာမန် | ၁,၈၄၈,၉၆၄.၅၈၃ | ၂,၃၅၈,၁၀၈.၄၈၁ | ၂,၀၄၅,၈၃၇.၇၈၄ | ၈၆.၇၆% |
| | ငွေလုံးငွေရင်း | ၈၃၅,၅၉၁.၆၀၄ | ၁,၅၅၈,၂၆၇.၂၁၄ | ၇၅၇,၃၁၈.၆၆၆ | ၄၈.၆၀% |
| | ကြွေးမြီ | ၁၂၀,၁၄၃.၅၇၈ | ၂၇၆,၄၂၆.၈၀၇ | ၂၈၄,၆၂၆.၂၀၃ | ၁၀၂.၉၇% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+) ၂၇,၁၇၀.၁၁၀ | (-) ၁,၂၇၁,၈၈၃.၇၇၁ | (-) ၁၂၅,၃၁၄.၀၃၀ | |

၄။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပေါင်း အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပေါင်း | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၃၁,၇၇၈.၈၀၈ | ၃၃,၀၀၀.၀၀၀ | ၃၆,၉၅၇.၀၇၅ | ၁၁၁.၉၉% |
| | သာမန် | ၃၁,၇၇၈.၄၅၉ | ၃၃,၀၀၀.၀၀၀ | ၃၆,၉၅၇.၀၇၅ | ၁၁၁.၉၉% |
| | ငွေလုံးငွေရင်း | ၀.၃၄၉ | | | |
| | ကြွေးမြီ | | | | |
| (ခ) | သုံးငွေ | ၆,၂၀၉.၆၂၀ | ၁၁,၉၄၆.၈၇၄ | ၁၀,၀၉၇.၁၇၄ | ၈၄.၅၂% |
| | သာမန် | ၆,၂၀၄.၃၅၄ | ၉,၃၉၁.၅၉၉ | ၉,၉၇၅.၉၃၉ | ၁၀၆.၂၂% |
| | ငွေလုံးငွေရင်း | ၅.၂၆၆ | ၂,၅၅၅.၂၇၅ | ၁၂၁.၂၃၅ | ၄.၇၄% |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+)၂၅,၅၆၉.၁၈၈ | (+)၂၁,၀၅၃.၁၂၆ | (+)၂၆,၈၅၉.၉၀၁ | |

၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၁,၆၄၇,၂၅၅.၆၄၉ | ၂,၁၆၂,၆၅၃.၅၄၃ | ၂,၃၆၃,၀၃၂.၉၂၂ | ၁၀၉.၂၇% |
| | သာမန် | ၁,၅၂၆,၇၉၃.၃၈၇ | ၁,၈၆၈,၃၂၉.၀၈၂ | ၂,၂၀၂,၄၅၀.၂၉၁ | ၁၁၇.၈၈% |
| | ငွေလုံးငွေရင်း | ၇,၀၀၁.၅၁၈ | ၂၂,၁၃၈.၅၇၉ | ၄၀.၅၉၅ | ၀.၁၈% |
| | ကြွေးမြီ | ၁၁၃,၄၆၀.၇၄၄ | ၂၇၂,၁၈၅.၈၈၂ | ၁၆၀,၅၄၂.၀၃၆ | ၅၈.၉၈% |
| (ခ) | သုံးငွေ | ၁,၈၉၆,၆၅၅.၆၆၇ | ၂,၅၆၆,၀၆၈.၆၅၈ | ၂,၁၉၂,၄၅၁.၁၆၀ | ၈၅.၄၄% |
| | သာမန် | ၁,၅၇၅,၃၁၉.၃၆၄ | ၁,၉၄၉,၇၀၉.၁၉၃ | ၁,၇၈၉,၄၃၁.၇၄၇ | ၉၁.၇၈% |
| | ငွေလုံးငွေရင်း | ၁၃၈,၇၇၀.၄၆၉ | ၃၄၄,၁၂၀.၉၄၅ | ၁၄၂,၇၇၂.၉၃၃ | ၄၁.၄၉% |
| | ကြွေးမြီ | ၁၈၂,၅၆၅.၈၃၄ | ၂၇၂,၂၃၇.၅၂၀ | ၂၆၀,၂၄၆.၄၈၀ | ၉၅.၆၀% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၂၄၉,၄၀၀.၀၁၈ | (-)၄၀၃,၄၁၅.၁၁၅ | (+)၁၇၀,၅၈၁.၇၆၂ | |

၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၃၆၇,၉၈၅.၉၅၀ | ၅၄၇,၅၁၂.၅၁၁ | ၄၇၆,၈၇၇.၂၁၁ | ၈၇.၁၀% |
| | သာမန် | ၃၀၇,၃၈၇.၉၀၉ | ၅၂၈,၅၈၀.၇၀၇ | ၄၄၁,၉၃၁.၁၀၆ | ၈၃.၆၁% |
| | ငွေလုံးငွေရင်း | ၁,၅၅၀.၀၀၀ | ၁,၇၂၃.၇၁၃ | ၆၃၀.၀၀၀ | ၃၆.၅၅% |
| | ကြွေးမြီ | ၅၉,၀၄၈.၀၄၁ | ၁၇,၂၀၈.၀၉၁ | ၃၄,၃၁၆.၁၀၅ | ၁၉၉.၄၂% |
| (ခ) | သုံးငွေ | ၃၃၀,၅၄၀.၃၅၆ | ၅၁၇,၂၄၉.၁၆၁ | ၄၅၂,၇၄၁.၂၈၂ | ၈၇.၅၃% |
| | သာမန် | ၂၆၄,၃၃၅.၃၇၃ | ၄၉၁,၂၃၅.၀၃၉ | ၄၁၁,၃၄၅.၅၃၇ | ၈၃.၇၄% |
| | ငွေလုံးငွေရင်း | ၆၃၄၆၆.၆၈၄ | ၂၂,၄၂၂.၃၀၂ | ၁၈,၃၀၄.၈၅၃ | ၈၁.၆၄% |
| | ကြွေးမြီ | ၂,၇၃၈.၂၉၉ | ၃,၅၉၁.၈၂၀ | ၂၃,၀၉၀.၈၉၂ | ၆၄၂.၈၇% |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+)၃၇,၄၄၅.၅၉၄ | (+) ၃၀,၂၆၃.၃၅၀ | (+)၂၄,၁၃၅.၉၂၉ | |

၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင် အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၄၉၁.၃၆၆ | ၃၈၁.၁၄၉ | ၆၁၀.၂၂၆ | ၁၆၀.၁၀% |
| | သာမန် | ၄၉၁.၃၆၆ | ၃၈၁.၁၄၉ | ၆၁၀.၂၂၆ | ၁၆၀.၁၀% |
| | ငွေလုံးငွေရင်း | | | | |
| | ကြွေးမြီ | | | | |
| (ခ) | သုံးငွေ | ၃၆၂.၆၄၇ | ၃၃၉.၈၃၁ | ၃၀၅.၅၇၂ | ၈၉.၉၂% |
| | သာမန် | ၃၆၂.၆၄၇ | ၃၃၉.၈၃၁ | ၃၀၅.၅၇၂ | ၈၉.၉၂% |
| | ငွေလုံးငွေရင်း | | | | |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+)၁၂၈.၇၁၉ | (+)၄၁.၃၁၈ | (+)၃၀၄.၆၅၄ | |

၈။ နေပြည်တော်ကောင်စီ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင် အထည် ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၁၉.၇၉၆ | ၂၈.၂၅၄ | ၄၈.၄၄၂ | ၁၇၁.၄၅% |
| | သာမန် | ၁၉.၇၉၆ | ၂၈.၂၅၄ | ၄၈.၄၄၂ | ၁၇၁.၄၅% |
| | ငွေလုံးငွေရင်း | | | | |
| | ကြွေးမြီ | | | | |
| (ခ) | သုံးငွေ | ၁၄,၈၅၈.၃၃၅ | ၂၆,၆၄၄.၆၆၄ | ၃၃,၁၃၄.၃၃၉ | ၁၂၄.၃၆% |
| | သာမန် | ၉၁၇.၇၀၄ | ၉၅၈.၁၃၆ | ၃၂၆.၁၁၈ | ၃၄.၀၄% |
| | ငွေလုံးငွေရင်း | ၁၃,၉၄၀.၆၃၁ | ၂၅,၆၈၆.၅၂၈ | ၃၂,၈၀၈.၂၂၁ | ၁၂၇.၇၃% |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/ လိုငွေ(-) | (-)၁၄,၈၃၈.၅၃၉ | (-) ၂၆,၆၁၆.၄၁၀ | (-) ၃၃,၀၈၅.၈၉၇ | |

၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခုႈ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂-၂၀၂၀ ခုႈ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၂၂၃,၇၂၁.၁၇၅ | ၁၉၆,၉၉၀.၄၉၅ | ၂၄၂,၂၄၇.၁၈၃ | ၁၂၂.၉၇% |
| | သာမန် | ၂၂၁,၇၆၃.၆၃၈ | ၁၉၄,၀၃၄.၁၆၂ | ၂၃၅,၉၇၈.၀၂၇ | ၁၂၁.၆၂% |
| | ငွေလုံးငွေရင်း | ၁,၈၄၅.၃၅၄ | | ၆,၁၃၆.၆၈၆ | |
| | ကြွေးမြီ | ၁၁၂.၁၈၃ | ၂,၉၅၆.၃၃၃ | ၁၃၂.၄၇၀ | ၄.၄၈% |
| (ခ) | သုံးငွေ | ၂၇,၆၄၉.၁၀၂ | ၄၀,၈၇၀.၅၅၆ | ၅၂,၄၆၃.၉၇၇ | ၁၂၈.၃၇% |
| | သာမန် | ၂၇,၆၂၀.၉၄၃ | ၄၀,၀၇၃.၆၄၇ | ၄၆,၂၉၁.၅၉၁ | ၁၁၅.၅၂% |
| | ငွေလုံးငွေရင်း | ၂၈.၁၅၉ | ၇၉၆.၉၀၉ | ၆,၁၇၂.၃၈၆ | ၇၇၄.၅၄% |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+)၁၉၆,၀၇၂.၀၇၃ | (+) ၁၅၆,၁၁၉.၉၃၉ | (+)၁၈၉,၇၈၃.၂၀၆ | |

၁၀။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခုႈ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် အကောင်အထည်ဖော်နိုင်မှုတန်ဖိုး | ၂၀၁၉-၂-၂၀၂၀ ခုႈ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ် | | |
|---|---|---|---|---|---|
| | | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၇,၀၉၆.၈၈၇ | ၆,၈၆၇.၈၈၄ | ၈,၀၀၉.၂၂၆ | ၁၁၆.၆၂% |
| | သာမန် | ၇,၀၈၉.၉၈၅ | ၆,၈၅၇.၁၃၄ | ၇,၉၈၉.၀၃၄ | ၁၁၆.၅၁% |
| | ငွေလုံးငွေရင်း | ၆.၉၀၂ | ၁၀.၇၅၀ | ၂၀.၁၉၂ | ၁၈၇.၈၃% |
| | ကြွေးမြီ | | | | |
| (ခ) | သုံးငွေ | ၈,၁၈၅.၀၂၃ | ၁၃,၉၇၃.၂၃၄ | ၁၀,၇၀၆.၅၁၉ | ၇၆.၆၂% |
| | သာမန် | ၇,၆၅၁.၉၅၁ | ၁၀,၆၀၁.၅၈၄ | ၉,၃၁၉.၅၁၃ | ၈၇.၉၁% |
| | ငွေလုံးငွေရင်း | ၅၃၃.၀၇၂ | ၃,၃၇၁.၆၅၀ | ၁,၃၈၇.၀၀၆ | ၄၁.၁၄% |
| | ကြွေးမြီ | | | | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၁,၀၈၈.၁၃၆ | (-)၇,၁၀၅.၃၅၀ | (-)၂,၆၉၇.၂၉၃ | |

၁၁။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းအားလုံး၏ ဒုတိယ (၃)လပတ် အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် အကျဉ်းချုပ်ရှင်းလင်းချက်များကို အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဗဟိုအဖွဲ့အစည်းများ | နောက်ဆက်တွဲ(က) |
| (ခ) | ဝန်ကြီးဌာန၊ဦးစီးဌာနများ | နောက်ဆက်တွဲ(ခ) |
| (ဂ) | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ | နောက်ဆက်တွဲ(ဂ) |
| (ဃ) | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နောက်ဆက်တွဲ(ဃ) |
| (င) | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နောက်ဆက်တွဲ(င) |
| (စ) | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နောက်ဆက်တွဲ(စ) |
| (ဆ) | နေပြည်တော်ကောင်စီ | နောက်ဆက်တွဲ(ဆ) |
| (ဇ) | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နောက်ဆက်တွဲ(ဇ) |
| (ဈ) | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နောက်ဆက်တွဲ(ဈ) |

## ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်(ဇန်နဝါရီလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

အဖွဲ့အစည်းများ- ဗဟိုအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၅,၈၄၃.၅၀၈ | -၅,၈၄၃.၅၀၈ | | ၄,၁၆၀.၁၆၀ | -၄,၁၆၀.၁၆၀ | | ၇၁.၁၉% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၆.၀၀၀ | ၄၂၆.၈၀၀ | -၄၂၀.၈၀၀ | ၆.၀၀၀ | ၃၇၁.၄၉၉ | -၃၆၅.၄၉၉ | ၁၀၀.၀၀% | ၈၇.၀၄% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁၀၂.၁၉၀ | ၄၃၂.၀၉၆ | -၃၂၉.၉၀၆ | ၆၂.၁၉၀ | ၃၉၉.၃၁၀ | -၃၃၇.၁၂၀ | ၆၀.၈၆% | ၉၂.၄၁% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၂၃၀ | ၂,၂၆၆.၃၆၇ | -၂,၂၆၅.၁၃၇ | ၀.၆၆၆ | ၂,၂၆၂.၀၄၃ | -၂,၂၆၁.၃၇၇ | ၅၄.၁၅% | ၉၉.၈၁% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၁၀၀ | ၁,၃၀၀.၀၀၀ | -၁,၂၉၉.၉၀၀ | ၀.၅၄၉ | ၁,၃၈၀.၃၂၆ | -၁,၃၇၉.၇၇၇ | ၅၄၉.၀၀% | ၁၀၆.၁၈% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၈၇.၉၉၂ | ၉,၁၇၉.၆၉၉ | -၉,၀၉၁.၇၀၇ | ၁၂၃.၅၇၇ | ၇,၅၄၅.၇၀၇ | -၇,၄၂၂.၁၃၀ | ၁၄၀.၄၄% | ၈၂.၂၀% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၂၁၇.၈၉၇ | -၂၁၇.၈၆၇ | ၂.၀၃၀ | ၂၀၇.၃၂၈ | -၂၀၅.၂၉၈ | ၆,၇၆၆.၆၇% | ၉၅.၁၅% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၀.၃၅၀ | ၁၈,၉၆၄.၂၀၇ | -၁၈,၉၆၃.၈၅၇ | ၉၀.၃၁၇ | ၃,၃၈၂.၇၉၄ | -၃,၂၉၂.၄၇၇ | ၂၆,၀၉၀.၅၇% | ၁၇.၈၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၅.၂၉၂ | ၁,၂၃၅.၉၁၃ | -၁,၂၃၀.၆၂၁ | ၁၈.၈၇၅ | ၆၈၅.၄၄၀ | -၆၆၆.၅၆၅ | ၃၅၆.၆၇% | ၅၅.၄၆% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၆၆.၇၁၉ | ၈၇၂.၀၈၃ | -၈၀၅.၃၆၄ | ၁၃၂.၉၇၉ | ၉၀၅.၀၇၃ | -၇၇၂.၀၉၄ | ၁၉၉.၃၀% | ၁၀၃.၇၈% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁၂.၀၈၀ | ၂,၆၇၆.၈၄၄ | -၂,၆၆၄.၇၆၄ | ၄၂.၉၇၀ | ၂,၅၇၄.၀၃၆ | -၂,၅၃၁.၀၆၆ | ၃၅၅.၇၁% | ၉၆.၁၆% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | | ၂၈၈.၆၆၀ | -၂၈၈.၆၆၀ | ၀.၀၂၅ | ၂၉၁.၉၈၃ | -၂၉၁.၉၅၈ | | ၁၀၁.၁၅% |
| | | ၂။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၂၀ | ၁၅၀.၄၄၀ | -၁၅၀.၄၂၀ | ၀.၀၂၂ | ၁၅၃.၇၈၅ | -၁၅၃.၇၆၃ | ၁၁၀.၀၀% | ၁၀၂.၂၂% |
| | | ၃။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | | ၂၈၆.၀၇၅ | -၂၈၆.၀၇၅ | ၂၀.၂၂၈ | ၃၀၀.၀၂၄ | -၂၇၉.၇၉၆ | | ၁၀၄.၈၈% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ၃.၅၄၃ | ၁,၀၃၉.၁၃၆ | -၁,၀၃၅.၅၉၃ | ၁၆.၅၇၉ | ၈၄၅.၂၃၁ | -၈၂၈.၆၅၂ | ၄၆၇.၉၄% | ၈၁.၃၄% |
| | | ၅။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၈.၅၁၇ | ၉၁၂.၅၃၃ | -၉၀၄.၀၁၆ | ၆.၁၁၆ | ၉၈၃.၀၁၃ | -၉၇၆.၈၉၇ | ၇၁.၈၁% | ၁၀၇.၇၂% |
| | | စုစုပေါင်း | ၂၈၁.၉၈၃ | ၄၃,၄၁၅.၄၁၄ | -၄၃,၁၃၃.၄၃၁ | ၄၈၁.၁၅၃ | ၂၃,၈၇၃.၇၁၆ | -၂၃,၃၉၂.၅၆၃ | ၁၇၀.၆၃% | ၅၄.၉၉% |

# ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်(ဇန်နဝါရီလမှ မတ်လအထိ)

# ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ ၊ သုံးငွေစာရင်း

# (သာမန်)

အဖွဲ့အစည်းများ- ဗဟိုအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၃,၇၁၅.၆၇၈ | -၃,၇၁၅.၆၇၈ | | ၄,၁၆၀.၁၆၀ | -၄,၁၆၀.၁၆၀ | | ၁၁၁.၉၆% |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၆.၀၀၀ | ၄၂၀.၃၅၀ | -၄၁၅.၃၅၀ | ၆.၀၀၀ | ၃၆၂.၂၀၄ | -၃၅၆.၂၀၄ | ၁၀၀.၀၀% | ၈၅.၉၆% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၁.၇၆၅ | ၃၂၄.၆၇၁ | -၃၂၂.၉၀၆ | ၁.၁၄၂ | ၃၃၇.၄၉၇ | -၃၃၆.၃၅၅ | ၆၄.၇၀% | ၁၀၃.၉၅% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | ၁.၂၃၀ | ၂,၂၃၇.၈၆၀ | -၂,၂၃၆.၆၃၀ | ၀.၆၆၆ | ၂,၂၂၇.၉၆၇ | -၂,၂၂၇.၃၀၁ | ၅၄.၁၅% | ၉၉.၅၆% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | ၀.၁၀၀ | ၁,၂၉၀.၀၀၀ | -၁,၂၈၉.၉၀၀ | ၀.၅၄၉ | ၁,၃၂၀.၃၃၂ | -၁,၃၁၉.၇၈၃ | ၅၄၉.၀၀% | ၁၀၂.၃၅% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၈၇.၉၉၂ | ၅,၉၇၃.၁၈၀ | -၅,၈၈၅.၁၈၈ | ၁၂၃.၅၇၇ | ၅,၀၆၈.၀၀၂ | -၄,၉၄၄.၄၂၅ | ၁၄၀.၄၄% | ၈၄.၈၅% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၀.၀၃၀ | ၂၀၅.၅၁၀ | -၂၀၅.၄၈၀ | ၂.၀၃၀ | ၁၈၇.၆၆၉ | -၁၈၅.၆၃၉ | ၆,၇၆၆.၆၇% | ၉၁.၃၂% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | ၀.၃၅၀ | ၁၆,၁၁၆.၅၆၈ | -၁၆,၁၁၆.၂၁၈ | ၉၁.၁၃၇ | ၂,၃၁၉.၄၈၆ | -၂,၂၂၈.၁၆၉ | ၂၆,၀၉၀.၅၇% | ၁၄.၃၉% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၅.၂၉၂ | ၇၁၄.၈၀၇ | -၇၀၉.၅၁၅ | ၁၈.၈၇၅ | ၆၇၂.၅၄၄ | -၆၅၃.၆၆၉ | ၃၅၆.၆၇% | ၉၄.၀၉% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၃.၉၅၇ | ၇၉၃.၆၉၈ | -၇၆၉.၇၄၁ | ၁၁၁.၈၁၆ | ၈၇၁.၃၀၃ | -၇၅၉.၄၈၇ | ၄၆၆.၇၄% | ၁၀၉.၇၈% |
| | ၁၁ | ~~ပြည်ထောင်စုရာထူးဝန်အဖွဲ့~~ | ~~၁၂.၀၈၀~~ | ~~၂,၀၈၉.၉၇၀~~ | ~~-၂,၀၇၇.၈၉၀~~ | ~~၄၂.၉၇၀~~ | ~~၂,၀၃၈.၂၂၄~~ | ~~-၁,၉၉၅.၂၅၄~~ | ~~၃၅၅.၇၁%~~ | ~~၉၇.၅၂%~~ |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | | ၂၇၀.၃၆၀ | -၂၇၀.၃၆၀ | ၀.၀၂၅ | ၂၆၀.၄၃၂ | -၂၆၀.၄၀၇ | | ၉၆.၃၃% |
| | | ၂။ ဝန်ထမ်းရေးရာဦးစီးဌာန | ၀.၀၂၀ | ၁၄၆.၄၄၀ | -၁၄၆.၄၂၀ | ၀.၀၂၂ | ၁၄၈.၄၂၅ | -၁၄၈.၄၀၃ | ၁၁၀.၀၀% | ၁၀၁.၃၆% |
| | | ၃။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | | ၂၈၂.၅၅၀ | -၂၈၂.၅၅၀ | ၂၀.၂၂၈ | ၂၈၁.၀၄၉ | -၂၆၀.၈၂၁ | | ၉၉.၄၇% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | ၃.၅၄၃ | ၇၈၇.၀၇၆ | -၇၈၃.၅၃၃ | ၁၆.၅၇၉ | ၇၆၆.၈၆၅ | -၇၅၀.၂၈၆ | ၄၆၇.၉၄% | ၉၇.၄၃% |
| | | ၅။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | ၈.၅၁၇ | ၆၀၃.၅၄၄ | -၅၉၅.၀၂၇ | ၆.၁၁၆ | ၅၈၁.၄၅၃ | -၅၇၅.၃၃၇ | ၇၁.၈၁% | ၉၆.၃၄% |
| | | စုစုပေါင်း | ၁၃၈.၇၉၆ | ၃၃,၈၈၃.၂၉၂ | -၃၃,၇၄၄.၄၉၆ | ၃၉၈.၉၄၂ | ၁၉,၅၆၅.၁၈၈ | -၁၉,၁၆၆.၄၄၆ | ၂၈၇.၄၃% | ၅၇.၇၄% |

၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်(ဇန်နဝါရီလမှ မတ်လအထိ)

ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်း)

အဖွဲ့အစည်းများ- ဗဟိုအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | ၂,၁၂၇.၈၃၀ | -၂,၁၂၇.၈၃၀ | | | | | |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | ၅.၄၅၀ | -၅.၄၅၀ | | ၉.၂၉၅ | -၉.၂၉၅ | | ၁၇၀.၅၅% |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၄၀.၁၇၀ | ၁၀၇.၄၂၅ | -၆၇.၂၅၅ | ၂၄.၄၁၉ | ၆၁.၈၁၃ | -၃၇.၃၉၄ | ၆၀.၇၉% | ၅၇.၅၄% |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | | ၂၈.၅၀၇ | -၂၈.၅၀၇ | | ၃၄.၀၇၆ | -၃၄.၀၇၆ | | ၁၁၉.၅၄% |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | | ၁၀.၀၀၀ | -၁၀.၀၀၀ | | ၅၉.၉၉၄ | -၅၉.၉၉၄ | | ၅၉၉.၉၄% |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | | ၃,၂၀၆.၅၁၉ | -၃,၂၀၆.၅၁၉ | | ၂,၄၇၇.၇၀၅ | -၂,၄၇၇.၇၀၅ | | ၇၇.၂၇% |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | | ၁၂.၃၈၇ | -၁၂.၃၈၇ | | ၁၉.၆၅၉ | -၁၉.၆၅၉ | | ၁၅၈.၇၁% |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | | ၂,၈၄၇.၆၃၉ | -၂,၈၄၇.၆၃၉ | | ၁,၀၆၃.၃၀၈ | -၁,၀၆၃.၃၀၈ | | ၃၇.၃၄% |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | ၅၂၁.၁၀၆ | -၅၂၁.၁၀၆ | | ၁၂.၈၉၆ | -၁၂.၈၉၆ | | ၂.၄၇% |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၁၇.၁၀၅ | ၇၈.၃၈၅ | -၆၁.၂၈၀ | ၈.၄၆၅ | ၃၃.၇၇၀ | -၂၅.၃၀၅ | ၄၉.၄၉% | ၄၃.၀၈% |
| | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | | ၅၈၆.၈၇၄ | -၅၈၆.၈၇၄ | | ၅၃၅.၈၁၂ | -၅၃၅.၈၁၂ | | ၉၁.၃၀% |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | | ၁၈.၃၀၀ | -၁၈.၃၀၀ | | ၃၁.၅၅၁ | -၃၁.၅၅၁ | | ၁၇၂.၄၁% |
| | | ၂။ ဝန်ထမ်းရေးရာဦးစီးဌာန | | ၄.၀၀၀ | -၄.၀၀၀ | | ၅.၃၆၀ | -၅.၃၆၀ | | ၁၃၄.၀၀% |
| | | ၃။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | | ၃.၅၂၅ | -၃.၅၂၅ | | ၁၈.၉၇၅ | -၁၈.၉၇၅ | | ၅၃၈.၃၀% |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | | ၂၅၂.၀၆၀ | -၂၅၂.၀၆၀ | | ၇၈.၃၆၆ | -၇၈.၃၆၆ | | ၃၁.၀၉% |
| | | ၅။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | | ၃၀၈.၉၈၉ | -၃၀၈.၉၈၉ | | ၄၀၁.၅၆၀ | -၄၀၁.၅၆၀ | | ၁၂၉.၉၆% |
| | | စုစုပေါင်း | ၅၇.၂၇၅ | ၉,၅၃၂.၁၂၂ | -၉,၄၇၄.၈၄၇ | ၃၂.၈၈၄ | ၄,၃၀၈.၃၂၈ | -၄,၂၇၅.၄၄၄ | ၅၇.၄၁% | ၄၅.၂၀% |

## ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်(ဇန်နဝါရီလမှ မတ်လအထိ)

## ဗဟိုအဖွဲ့အစည်းများ၏ ယာယီရငွေ ၊ သုံးငွေစာရင်း

## (ကြေးမြို)

အဖွဲ့အစည်းများ- ဗဟိုအဖွဲ့အစည်းများ

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန/အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+)/ လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | နိုင်ငံတော်သမ္မတရုံး | | | | | | | | |
| | ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၃ | ပြည်ထောင်စုလွှတ်တော်ရုံး | ၆၀.၂၅၅ | | +၆၀.၂၅၅ | ၃၆.၆၂၉ | | +၃၆.၆၂၉ | ၆၀.၇၉% | |
| | ၄ | ပြည်သူ့လွှတ်တော်ရုံး | | | | | | | | |
| | ၅ | အမျိုးသားလွှတ်တော်ရုံး | | | | | | | | |
| | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | | | | | | | | |
| | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | | | | | | | | |
| | ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး | | | | | | | | |
| | ၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | | | | | | | |
| | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၂၅.၆၅၇ | | +၂၅.၆၅၇ | ၁၂.၆၉၈ | | +၁၂.၆၉၈ | ၄၉.၄၉% | |
| | ၁၁ | <u>ပြည်ထောင်စုရာထူးဝန်အဖွဲ့</u> | | | | | | | | |
| | | ၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့ | | | | | | | | |
| | | ၂။ ဝန်ထမ်းရေးရာဦးစီးဌာန | | | | | | | | |
| | | ၃။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | | | | | | | | |
| | | ၄။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | | | | | | | | |
| | | ၅။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | | | | | | | | |
| | | စုစုပေါင်း | ၈၅.၉၁၂ | | +၈၅.၉၁၂ | ၄၉.၃၂၇ | | +၄၉.၃၂၇ | ၅၇.၄၂% | |

## ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊ သုံးငွေ။** ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ် သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁၃၈.၇၉၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၉၈.၉၄၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၈၇.၄၃ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃) လပတ် လျာထားချက် ကျပ် ၃၃,၈၈၃.၂၉၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၅၆၅.၃၈၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၇.၇၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ပိုမိုသည့်အခြေအနေနှင့် လျော့နည်းသည့်အခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အမျိုးသားလွှတ်တော်ရုံးတွင် စာအုပ်စာတမ်း၊ သတင်းစာဟောင်းရောင်းရငွေ၊ ငှားရမ်းခရငွေနှင့်အထွေထွေရငွေများ ပိုမိုရရှိခြင်း၊ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင်** ၁-၁၀-၂၀၁၁ မတိုင်မီက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ကျန်ရှိသည့် တရားရုံးအပ်ငွေများအား ဘဏ္ဍာသိမ်း အမိန့်ချမှတ်၍ ဘဏ္ဍာသိမ်းခေါင်းစဉ်သို့လည်းကောင်း၊ ဘဏ္ဍာရေးနှစ်(၃)နှစ်ကျော်သည့် တရားရုံးအပ်ငွေများကို အချိန်လွန်အပ်ငွေ ခေါင်းစဉ်သို့လည်းကောင်း စာရင်းပြောင်းရွှေ့ရခြင်း၊ တရားရေးဝန်ထမ်း စာမေးပွဲလျှောက်လွှာရောင်းရငွေ၊ စာမေးပွဲဝင်ကြေး၊ ဒဏ်ငွေများပေးသွင်း လာခြင်း၊ စာရင်းစစ်ဆေးပြီး၍ ပြန်လည်ပေးသွင်းရသည့်ငွေများ ပိုမိုလာခြင်း၊ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်** နိုင်ငံခြားသို့ပညာတော် သင်သွားသော အရာထမ်း(၁)ဦး သတ်မှတ်ကာလမပြည့်မီ ပြန်လာခဲ့သဖြင့် ဒဏ်ငွေအဖြစ် နိုင်ငံတော်သို့ပေးသွင်းခဲ့ရခြင်း၊ **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးတွင်** ဗဟိုရုံးမှနိုင်ငံရေးပါတီ(၁)ခု မှတ်ပုံတင်ကြေးပေးသွင်းခြင်း ရငွေ၊ တင်ဒါဖောင်ရောင်းချရငွေ၊ ဥပဒေ/နည်းဥပဒေစာအုပ်များ ရောင်းချ ရငွေ၊ မဲပုံးဟောင်းများ၊ ခြင်းတောင်းဟောင်းများ၊ ဆန္ဒပြုခန်းဟောင်းများ ရောင်းချရငွေ၊ အသုံးစရိတ်ပိုထုတ်မိငွေ ပြန်လည်ပေးသွင်းခြင်းတို့မှ ရငွေ များပိုမိုရရှိခြင်း၊ **ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင်** ရှေ့နေငှားရမ်းခများနှင့် ဆိုင်ခန်းငှားရမ်းခများရရှိခြင်း၊ လျှောက်လွှာပုံစံရောင်းရငွေများ၊ စာမေးပွဲ

ဝင်ကြေးများ၊ တင်ဒါရောင်းရငွေများ၊ ပိုထုတ်ပေးမိငွေမှ ပြန်ရငွေများရရှိခြင်း၊ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**တွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း မှတ်ပုံတင်ဦးရေ များပြားလာခြင်းကြောင့် လျှောက်လွှာကြေး၊ မှတ်ပုံတင်ကြေးများ၊ စာမေးပွဲကြေးများ ပိုမိုရရှိခဲ့ခြင်း၊ နိုင်ငံပိုင်ပစ္စည်းများဆုံးရှုံးမှုအတွက် လျော်ကြေးပေးသွင်းခြင်းမှ ပိုမိုရရှိခဲ့ခြင်း၊ **ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)** တွင် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော ဥ၊ အသား၊ ငါးရိက္ခာထုတ်လုပ်မှု ပိုမိုထုတ်လုပ်ရောင်းချခဲ့ရခြင်း၊ ပြင်ပမှသင်တန်းတက်ရောက်မှုအတွက် သင်တန်းကြေးရရှိခြင်း၊ မြေနေရာ ငှားရမ်းခရရှိခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျှော့နည်းသုံးစွဲမှု။** **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး** တွင် ပြည်တွင်းပြည်ပခရီးသွားလာမှုနည်းပါးခြင်း၊အကြံပေးပုဂ္ဂိုလ်များခန့်ထား နိုင်မှုမရှိသဖြင့် အသုံးစရိတ်များလျှော့နည်းခြင်း၊ စက်ကိရိယာပြင်ဆင်စရိတ် သုံးစွဲမှုနည်းပါးခြင်းကြောင့် လျှော့နည်းခြင်း၊ **ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး** တွင် နိုင်ငံခြားခရီးစဉ်သွားလာမှုနည်းပါးခြင်း၊သက်သေစရိတ်များ၊ ညီလာခံစရိတ်များခန့်မှန်းထားသည့်အတိုင်း သုံးစွဲရမှုလျှော့နည်းခြင်း၊ ဆီဈေးနှုန်းများလျှော့ကျခြင်း၊ သင်တန်းများရပ်နားထားရသဖြင့် လျှော့နည်း ခြင်း၊ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**တွင် ဝန်ထမ်းများ၏ အမှန် ကျသင့်သော လစာငွေ၊ ဒေသစရိတ်နှင့် အများယုံကြည်လေးစားခြင်းခံရသည့် ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေများကိုသာ ထုတ်ယူသုံးစွဲခဲ့ခြင်း၊ ခရီးသွား လာမှုနည်းပါးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပညာပေးသင်တန်းအချို့သာ ကျင်းပပြုလုပ်ခဲ့ခြင်း၊ အစည်းအဝေးထိုင်စရိတ်များနှင့် အချိန်ပိုကျွေးမွေး စရိတ်များ စိစစ်သုံးစွဲခဲ့ခြင်း၊ မော်တော်ယာဉ်ပြင်ဆင်စရိတ်များနှင့် ရုံးသုံး စက်ကိရိယာအချို့သာ ပြင်ဆင်ခဲ့ခြင်းကြောင့် လျှော့နည်းသုံးစွဲခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရငွေပိုင်းတွင်ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၅၇.၂၇၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂.၈၈၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၇.၄၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၉,၅၃၂.၁၂၂ သန်း ဖြစ်ပြီး၊ အကောင်အထည်

ဖော်နိုင်မှုကျပ် ၄,၃၀၈.၃၂၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၅.၂၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ လျော့နည်းမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပြည်ထောင်စုလွှတ်တော်ရုံး**တွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပစ္စည်းဝယ်ယူရေးကိစ္စများ ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**တွင် National IT Consultant (၁)ဦး ငှားရမ်းရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ခြင်း နှင့် Audit Fees နှင့် ISP & SLA Quarterly Fees များအတွက် Invoice များ မရောက်ရှိသေးခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **နိုင်ငံတော်သမ္မတရုံး**တွင် သမ္မတရုံးတည်ဆောက်ခြင်းလုပ်ငန်းအတွက် ဒုတိယအကြိမ် ၂၅%အား စာချုပ်အရ တတိယ(၃)လပတ်အတွင်း ပေးချေရမည်ဖြစ်ခြင်း၊ **ပြည်ထောင်စုလွှတ်တော်ရုံး** တွင် ပုံနှိပ်စက်နှင့်ဆက်စပ်ပစ္စည်းများ ပြင်ဆင်စရိတ်အား တတိယ(၃)လပတ်မှ သုံးစွဲမည်ဖြစ်ခြင်း၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်းအားဒုတိယ(၆)လပတ်မှ ဆောင်ရွက်မည်ဖြစ်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေ/ အကူအညီရငွေဖြင့် ပစ္စည်းဝယ်ယူရေးကိစ္စများ ဆောင်ရွက်ဆဲကာလဖြစ်ခြင်း၊ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**တွင် စက်ကိရိယာများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်းတို့ ဆောင်ရွက်နေခြင်း၊ တင်ဒါရွေးချယ်ရန်ဆောင်ရွက်နေခြင်း၊ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ ဆောက်လုပ်ခြင်းနှင့် အခြားမြို့ပြအင်ဂျင်နီယာလုပ်ငန်းများအတွက် အသုံးစရိတ်များအား လုပ်ငန်းပြီးစီးမှု အပေါ်မူတည်၍ ရာခိုင်နှုန်းအလိုက်ပေးချေခဲ့ခြင်း၊ **ပြည်ထောင်စုရှေ့နေချုပ်ရုံး**တွင် ဒက္ခိဏခရိုင်ဥပဒေရုံး၊ မြို့နယ်ဥပဒေရုံး(၄)ရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးဝင်းအတွင်း ဂိုဒေါင်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ တင်ဒါခေါ်ယူပြီး လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ဒုတိယ(၃)လပတ်တွင် သုံးစွဲနိုင်မှုမရှိသေးခြင်း၊ ရုံးသုံးစက်ကိရိယာ အနည်းငယ်သာ ဝယ်ယူနိုင်ခြင်းကြောင့် လျော့နည်းရခြင်း၊

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် စက်ကိရိယာများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် သုံးစွဲမှုမရှိသေးခြင်း National IT Consultant (၁)ဦးအား ငှားရမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊ Audit Fees နှင့် ISP & SLA Quarterly Fees များအတွက် Invoice များ မရောက်ရှိသေးခြင်း တို့ကြောင့် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၈၅.၉၁၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၉.၃၂၇ သန်း ဖြစ်သဖြင့် အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း ၅၇.၄၂ ဖြစ်ပါသည်။ လျော့နည်းရသည့်အကြောင်းမှာ ပြည်ထောင်စုလွှတ်တော်ရုံးတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ပစ္စည်းဝယ်ယူရေးကိစ္စများ ဆောင်ရွက်ဆဲကာလဖြစ်ခြင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် National IT Consultant (၁) ဦး ငှားရမ်းရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ခြင်း နှင့် Audit Fees နှင့် ISP & SLA Quarterly Fees များအတွက် Invoice များ မရောက်ရှိသေးခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂။ ဗဟိုအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ရငွေ၊ သုံးငွေများ အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) သာမန်ရငွေပိုင်းတွင် လျာထားချက်ထက်ကျော်လွန်ရရှိခဲ့သော်လည်း ငွေလုံးငွေရင်း ရငွေပိုင်းနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်အတိုင်း အကောင်အထည်ဖော် နိုင်မှုမရှိခဲ့ပါ။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် သုံးစွဲမှု ၅၇.၇၄ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ်သုံးစွဲမှု ၄၅.၂၀ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်းသုံးငွေ အကောင်အထည် ဖော်နိုင်မှု ၅၄.၉၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိခဲ့ပါ။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | **ဝန်ကြီးဌာန၊ဦးစီးဌာနများ** | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၅၇၅.၅၅၅ | ၁၅,၇၇၃.၀၂၉ | -၁၅,၁၉၇.၄၇၄ | ၁၂၄.၁၁၂ | ၁၅,၀၈၉.၈၂၄ | -၁၄,၉၆၅.၇၁၂ | ၂၁.၅၆% | ၉၅.၆၇% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၉,၀၀၈.၃၇၀ | ၁၃၅,၆၄၂.၀၅၇ | -၁၂၆,၆၃၃.၆၈၇ | ၇,၅၁၄.၅၃၃ | ၁၄၃,၁၈၅.၂၀၉ | -၁၃၅,၆၇၀.၆၇၆ | ၈၃.၄၂% | ၁၀၅.၅၆% |
| | ၄ | ကာကွယ်ရေး | ၁၁,၇၅၀.၁၇၅ | ၈၄၉,၅၃၇.၇၁၂ | -၈၃၇,၇၈၇.၅၃၇ | ၈,၀၅၉.၈၃၃ | ၆၁၀,၈၇၅.၀၂၃ | -၆၀၂,၈၁၅.၁၉၀ | ၆၈.၅၉% | ၇၁.၉၁% |
| | ၅ | နယ်စပ်ရေးရာ | ၇၀.၅၇၆ | ၄၄,၁၈၇.၄၄၄ | -၄၄,၁၁၆.၈၆၈ | ၃,၆၉၅.၁၇၉ | ၄၄,၅၅၆.၈၄၅ | -၄၀,၈၆၁.၆၆၆ | ၅၂၃၅.၇၄% | ၁၀၀.၈၄% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၇၅၁.၇၇၇ | -၇၅၁.၇၇၇ | | ၂၈၀.၃၅၈ | -၂၈၀.၃၅၈ | | ၃၇.၂၉% |
| | ၇ | ပြန်ကြားရေး | ၃,၀၈၃.၆၄၄ | ၂၀,၆၇၂.၈၃၂ | -၁၇,၅၈၉.၁၈၈ | ၃,၄၂၃.၉၆၃ | ၁၈,၀၆၄.၁၁၉ | -၁၄,၆၄၀.၁၅၆ | ၁၁၁.၀၄% | ၈၇.၃၈% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၉၆၀.၈၅၇ | ၂,၂၈၃.၂၃၅ | -၁,၃၂၂.၃၇၈ | ၃၉၁.၈၅၅ | ၁,၅၇၆.၄၆၇ | -၁,၁၈၄.၆၁၂ | ၄၀.၇၈% | ၆၉.၀၅% |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၄၂,၀၀၁.၁၀၆ | ၄၉,၈၃၀.၄၀၆ | -၇,၈၂၉.၃၀၀ | ၃,၅၆၅.၇၀၃ | ၁၀,၂၈၇.၀၉၇ | -၆,၇၂၁.၃၉၄ | ၈.၄၉% | ၂၀.၆၄% |
| | ၁၀ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၂၀၁,၅၃၅.၇၉၆ | ၃၇၄,၅၁၃.၃၇၇ | -၁၇၂,၉၇၇.၅၈၁ | ၁၂၁,၇၄၃.၅၄၉ | ၂၆၀,၄၈၄.၇၇၈ | -၁၃၈,၇၄၁.၂၂၉ | ၆၀.၄၁% | ၆၉.၅၅% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၃၀,၅၁၆.၄၄၃ | ၁၈၅,၇၄၉.၉၆၄ | +၄၄,၇၆၆.၄၇၉ | ၁၈၃,၆၃၀.၀၁၂ | ၉၂,၅၆၁.၈၆၄ | +၉၁,၀၆၈.၁၄၈ | ၇၉.၆၆% | ၄၉.၈၃% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၀,၂၃၃.၅၄၉ | ၁၉,၁၈၀.၈၈၆ | -၈,၉၄၇.၃၃၇ | ၁၀,၀၇၇.၁၄၂ | ၁၄,၈၄၇.၆၄၆ | -၄,၇၇၀.၅၀၄ | ၉၈.၄၇% | ၇၇.၄၁% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၂၁၁,၅၂၈.၆၉၉ | ၂၅၂,၅၅၁.၆၇၃ | -၄၁,၀၂၂.၉၇၄ | ၁၆၂,၇၂၄.၀၈၄ | ၁၄၀,၀၈၉.၅၁၂ | +၂၂,၆၃၄.၅၇၂ | ၇၆.၉၃% | ၅၅.၄၇% |
| | ၁၄ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၁၈,၅၂၆.၁၁၃ | ၁၀,၉၁၅.၀၉၅ | +၇,၆၁၁.၀၁၈ | ၂၇,၈၆၀.၂၉၀ | ၈,၉၉၆.၀၄၉ | +၁၈,၈၆၄.၂၄၁ | ၁၅၀.၃၈% | ၈၂.၄၂% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၆,၆၈၁.၉၀၂ | ၆,၅၁၆.၁၀၃ | +၁၆၅.၇၉၉ | ၇,၃၉၇.၄၈၁ | ၃,၅၁၉.၇၁၉ | +၃,၈၇၇.၇၆၂ | ၁၁၀.၇၁% | ၅၄.၀၂% |
| | ၁၆ | ပညာရေး | ၄၉,၀၇၀.၄၂၂ | ၆၃၉,၇၁၈.၆၈၆ | -၅၉၀,၆၄၈.၂၆၄ | ၃၂,၃၅၀.၀၇၁ | ၄၈၅,၆၉၄.၀၀၆ | -၄၅၃,၃၄၃.၉၃၅ | ၆၅.၉၃% | ၇၅.၉၂% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၃၈,၄၆၃.၆၇၀ | ၂၇၆,၁၉၅.၀၁၄ | -၂၃၇,၇၃၁.၃၄၄ | ၁၄,၄၁၀.၉၁၆ | ၁၅၉,၈၉၅.၆၅၂ | -၁၄၅,၄၈၄.၇၃၆ | ၃၇.၄၇% | ၅၇.၈၉% |
| | ၁၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၂,၈၀၇.၆၅၉ | ၅,၉၆၁.၇၇၈ | -၃,၁၅၄.၁၁၉ | ၅၉၄.၃၅၀ | ၂,၁၀၉.၇၉၁ | -၁,၅၁၅.၄၄၁ | ၂၁.၁၇% | ၃၅.၃၉% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၉၀၄,၇၉၀.၈၇၇ | ၉၉၅,၃၆၅.၅၃၂ | +၉၀၉,၄၂၅.၃၄၅ | ၂,၂၆၁,၈၉၃.၇၄၀ | ၈၁၉,၈၇၈.၂၃၆ | +၁,၄၄၂,၀၁၅.၅၀၄ | ၁၁၈.၇၅% | ၈၂.၃၇% |
| | ၁၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၁,၂၅၀.၁၀၀ | ၂,၀၂၂.၀၀၇ | -၇၇၁.၉၀၇ | ၁,၈၉၈.၅၃၈ | ၁,၀၅၄.၄၅၅ | +၈၄၄.၀၈၃ | ၁၅၁.၈၇% | ၅၂.၁၅% |
| | ၂၀ | ဆောက်လုပ်ရေး | ၁၆၉,၉၀၁.၄၂၃ | ၂၆၅,၅၀၅.၆၅၄ | -၉၅,၆၀၄.၂၃၁ | ၈၉,၃၀၄.၁၀၆ | ၂၁၃,၈၈၄.၆၇၆ | -၁၂၄,၅၈၀.၅၇၀ | ၅၂.၅၆% | ၈၀.၅၆% |
| | ၂၁ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၅၄၅.၃၁၉ | ၃၅,၂၅၅.၆၆၇ | -၃၄,၇၁၀.၃၄၈ | ၉၂၉.၈၅၈ | ၃၆,၁၉၀.၀၈၂ | -၃၅,၂၆၀.၂၂၄ | ၁၇၀.၅၂% | ၁၀၂.၆၅% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၇,၄၉၇.၉၇၃ | ၃,၂၅၂.၃၈၉ | +၄,၂၄၅.၅၈၄ | ၂၀,၇၂၂.၉၄၀ | ၃,၉၁၂.၁၇၈ | +၁၆,၈၁၀.၇၆၂ | ၂၇၆.၃၈% | ၁၂၀.၂၉% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | ၁၁၈.၅၀၃ | ၁,၄၂၀.၁၈၅ | -၁,၃၀၁.၆၈၂ | ၁၅၆.၃၆၄ | ၇၀၉.၀၆၃ | -၅၅၂.၆၉၉ | ၁၃၁.၉၅% | ၄၉.၉၃% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၂,၉၂၀,၉၁၈.၇၃၀ | ၄,၁၉၂,၈၀၂.၅၀၂ | -၁,၂၇၁,၈၈၃.၇၇၂ | ၂,၉၆၂,၄၆၈.၆၂၃ | ၃,၀၈၇,၇၈၂.၆၅၃ | -၁၂၅,၃၁၄.၀၃၀ | ၁၀၁.၄၂% | ၇၃.၆၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | ၅၇၅.၅၅၅ | ၁၄,၇၉၀.၂၆၂ | -၁၄,၂၁၄.၇၀၇ | ၁၂၃.၈၆၉ | ၁၄,၂၄၉.၀၅၁ | -၁၄,၁၂၅.၁၈၂ | ၂၁.၅၂% | ၉၆.၃၄% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | ၉,၀၀၈.၇၇၀ | ၁၀၁,၄၁၉.၁၃၅ | -၉၂,၄၁၀.၃၆၅ | ၇,၁၇၇.၁၁၁ | ၉၇,၅၇၀.၆၄၉ | -၉၀,၃၉၃.၅၃၈ | ၇၉.၆၇% | ၉၆.၂၀% |
| | ၄ | ကာကွယ်ရေး | ၁၁,၇၅၀.၁၇၅ | ၄၈၇,၃၉၀.၉၇၀ | -၄၇၅,၆၄၀.၇၉၅ | ၈,၀၅၉.၈၃၇ | ၄၆၄,၉၅၆.၀၈၃ | -၄၅၆,၈၉၆.၂၄၆ | ၆၈.၅၉% | ၉၅.၄၀% |
| | ၅ | နယ်စပ်ရေးရာ | ၇၀.၅၇၆ | ၆,၉၂၄.၂၉၀ | -၆,၈၅၃.၇၁၅ | ၃,၆၉၅.၁၇၉ | ၆,၆၆၇.၀၀၄ | -၂,၉၇၁.၈၂၅ | ၅၂၃၅.၇၄% | ၉၆.၂၉% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၇၁၆.၁၇၀ | -၇၁၆.၁၇၀ | | ၂၇၈.၀၇၁ | -၂၇၈.၀၇၁ | | ၃၈.၈၃% |
| | ၇ | ပြန်ကြားရေး | ၃,၀၈၃.၆၄၄ | ၁၉,၀၀၄.၆၂၃ | -၁၅,၉၂၀.၉၇၉ | ၃,၄၁၆.၇၆၃ | ၁၆,၃၄၅.၇၂၅ | -၁၂,၉၂၈.၉၆၂ | ၁၁၀.၈၀% | ၈၆.၀၁% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၉၆၀.၈၅၇ | ၁,၉၉၂.၇၀၃ | -၁,၀၃၁.၈၄၆ | ၃၉၁.၆၇၅ | ၁,၄၃၃.၁၂၃ | -၁,၀၄၁.၄၄၈ | ၄၀.၇၆% | ၇၁.၉၂% |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၂,၅၄၃.၂၅၆ | ၆,၅၆၂.၃၂၀ | -၄,၀၁၉.၀၆၄ | ၃,၅၆၅.၇၀၃ | ၇,၉၄၁.၃၁၀ | -၄,၃၇၅.၆၀၇ | ၁၄၀.၂၀% | ၁၂၁.၀၁% |
| | ၁၀ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၃၄,၉၁၃.၇၄၁ | ၁၂၉,၇၉၄.၈၉၃ | -၉၄,၈၈၁.၁၅၂ | ၃၆,၂၂၉.၁၁၂ | ၁၂၉,၆၁၈.၁၉၄ | -၉၃,၃၈၉.၀၈၂ | ၁၀၃.၇၇% | ၉၉.၈၆% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၇၀,၀၃၆.၆၈၁ | ၂၃,၇၅၁.၅၉၄ | +၁၄၆,၂၈၅.၀၈၇ | ၁၇၅,၇၀၄.၄၀၈ | ၂၁,၀၇၈.၅၁၈ | +၁၅၄,၆၂၅.၈၉၀ | ၁၀၃.၃၃% | ၈၈.၇၅% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၇,၄၃၀.၉၅၉ | ၉,၇၃၃.၇၇၀ | -၂,၃၀၂.၈၁၁ | ၈,၃၄၈.၁၈၇ | ၈,၂၈၃.၉၂၆ | +၆၄.၂၆၁ | ၁၁၂.၃၄% | ၈၅.၁၀% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၁၁၆,၈၁၂.၈၃၀ | ၁၃,၃၃၂.၆၈၁ | +၁၀၃,၄၈၀.၁၄၉ | ၈၄,၃၈၃.၅၀၇ | ၁၁,၅၃၆.၀၃၃ | +၇၂,၈၄၇.၄၇၄ | ၇၂.၂၄% | ၈၆.၅၂% |
| | ၁၄ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၁၈,၅၂၆.၁၁၃ | ၉,၂၄၃.၇၄၅ | +၉,၂၈၂.၃၆၈ | ၂၇,၈၆၀.၂၉၀ | ၈,၇၇၆.၆၇၆ | +၁၉,၀၈၃.၆၁၄ | ၁၅၀.၃၈% | ၉၄.၉၅% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၅,၅၅၀.၈၇၂ | ၃,၇၈၀.၁၂၉ | +၁,၇၇၀.၇၄၃ | ၇,၃၃၆.၆၇၁ | ၃,၄၀၄.၁၉၆ | +၃,၉၃၂.၄၇၅ | ၁၃၂.၁၇% | ၉၀.၀၆% |
| | ၁၆ | ပညာရေး | ၃၀,၃၄၃.၄၂၄ | ၄၈၀,၉၂၁.၀၉၀ | -၄၅၀,၅၇၇.၆၆၇ | ၂၉,၃၁၂.၇၃၂ | ၄၂၀,၃၉၄.၉၈၂ | -၃၉၁,၀၈၂.၂၅၀ | ၉၆.၆၀% | ၈၇.၄၄% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၁၈,၉၂၂.၃၅၅ | ၁၆၁,၂၂၆.၆၅၂ | -၁၄၂,၃၀၄.၂၉၇ | ၁၀,၀၀၂.၅၃၃ | ၁၃၆,၄၉၉.၀၈၇ | -၁၂၆,၄၉၆.၅၅၄ | ၅၂.၈၆% | ၈၄.၆၆% |
| | ၁၈ | စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၅၈၅.၁၅၉ | ၂,၅၃၂.၃၃၁ | -၁,၉၄၇.၁၇၂ | ၅၆၃.၂၄၀ | ၂,၀၇၁.၀၀၃ | -၁,၅၀၇.၇၆၃ | ၉၆.၂၅% | ၈၁.၇၈% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၇၅၇,၉၃၇.၄၆၅ | ၈၀၉,၉၇၆.၆၅၇ | +၉၄၇,၉၆၀.၈၀၈ | ၂,၀၉၇,၂၈၀.၃၈၁ | ၆၃၁,၉၆၆.၉၃၂ | +၁,၄၆၅,၃၁၃.၄၄၉ | ၁၁၉.၃၀% | ၇၈.၀၂% |
| | ၁၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | ၁,၂၅၀.၁၀၀ | ၉၂၆.၀၇၀ | +၃၂၄.၀၃၀ | ၁,၈၉၁.၂၈၂ | ၇၈၀.၉၁၆ | +၁,၁၁၀.၃၆၆ | ၁၅၁.၂၉% | ၈၄.၃၃% |
| | ၂၀ | ဆောက်လုပ်ရေး | ၁၉,၈၉၉.၈၇၇ | ၃၂,၄၈၄.၅၉၈ | -၁၂,၅၈၄.၇၂၀ | ၂၀,၁၃၀.၈၃၄ | ၂၁,၃၀၃.၂၈၂ | -၁,၁၇၂.၄၄၈ | ၁၀၁.၁၆% | ၆၅.၅၈% |
| | ၂၁ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၃၃၇.၉၆၃ | ၃၂,၇၆၄.၀၂၉ | -၃၂,၄၂၆.၀၆၆ | ၂၂၆.၁၀၉ | ၃၅,၁၂၂.၉၆၀ | -၃၄,၈၉၆.၈၅၁ | ၆၆.၉၀% | ၁၀၇.၂၀% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၇,၄၆၇.၄၇၃ | ၃,၀၇၉.၅၁၆ | +၄,၃၈၇.၉၅၇ | ၂၀,၆၈၈.၆၇၃ | ၃,၈၇၀.၁၉၂ | +၁၆,၈၁၈.၄၈၁ | ၂၇၇.၀၅% | ၁၂၅.၆၈% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | ၁၁၈.၅၀၃ | ၇၆၀.၂၅၁ | -၆၄၁.၇၄၈ | ၁၅၆.၃၆၄ | ၆၈၈.၇၅၁ | -၅၃၂.၃၈၇ | ၁၃၁.၉၅% | ၉၀.၆၀% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၂,၂၁၈,၁၂၅.၉၄၈ | ၂,၃၅၈,၁၀၈.၄၈၁ | -၁၃၉,၉၈၂.၅၃၃ | ၂,၅၄၆,၅၄၀.၄၇၀ | ၂,၀၄၅,၈၃၇.၇၈၄ | +၅၀၀,၇၀၂.၆၈၆ | ၁၁၄.၈၁% | ၈၆.၇၆% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | ၉၈၂.၃၆၇ | -၉၈၂.၃၆၇ | ၀.၂၄၃ | ၈၄၀.၇၇၃ | -၈၄၀.၅၃၀ | | ၈၅.၅၅% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | | ၃၄,၂၂၂.၉၂၂ | -၃၄,၂၂၂.၉၂၂ | ၃၄၀.၄၂၂ | ၃၅,၆၀၃.၅၆၀ | -၃၅,၂၃၂.၁၃၈ | | ၁၃၃.၂၈% |
| | ၄ | ကာကွယ်ရေး | | ၃၅၈,၃၈၅.၉၈၉ | -၃၅၈,၃၈၅.၉၈၉ | | ၁၄၄,၅၅၃.၀၅၉ | -၁၄၄,၅၅၃.၀၅၉ | | ၄၀.၃၄% |
| | ၅ | နယ်စပ်ရေးရာ | | ၃၃,၂၆၃.၁၅၃ | -၃၃,၂၆၃.၁၅၃ | | ၃၃,၄၈၉.၇၃၀ | -၃၃,၄၈၉.၇၃၀ | | ၁၀၀.၆၈% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၃၅.၆၀၇ | -၃၅.၆၀၇ | | ၂.၂၈၇ | -၂.၂၈၇ | | ၆.၄၂% |
| | ၇ | ပြန်ကြားရေး | | ၁,၅၀၅.၂၄၄ | -၁,၅၀၅.၂၄၄ | ၇.၂၀၀ | ၁,၅၆၀.၃၆၉ | -၁,၅၅၃.၁၆၉ | | ၁၀၃.၆၆% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | ၂၉၀.၅၃၂ | -၂၉၀.၅၃၂ | ၀.၁၈၀ | ၁၄၃.၃၄၄ | -၁၄၃.၁၆၄ | | ၄၉.၃၄% |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၃၉,၄၅၃.၈၅၀ | ၄၃,၂၆၈.၀၈၆ | -၃,၈၁၄.၂၃၆ | | ၂,၃၄၅.၃၈၇ | -၂,၃၄၅.၃၈၇ | | ၅.၄၂% |
| | ၁၀ | စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်း | ၁၃,၁၅၆.၁၇၁ | ၁၉၁,၉၄၄.၃၈၀ | -၁၇၈,၇၈၈.၂၀၉ | ၃,၁၁၉.၉၃၂ | ၈၁,၆၈၉.၈၀၉ | -၇၈,၅၆၉.၈၇၇ | ၂၃.၇၁% | ၄၂.၅၆% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄၂,၁၇၉.၉၇၉ | ၁၂၄,၈၁၇.၆၀၄ | -၈၂,၆၃၇.၆၂၅ | ၄၂၄.၇၇၇ | ၃၉,၈၇၈.၀၅၇ | -၃၉,၄၅၃.၂၈၀ | ၁.၀၀% | ၃၁.၉၅% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂,၈၀၂.၅၉၀ | ၉,၄၄၇.၁၁၆ | -၆,၆၄၄.၅၂၆ | ၁,၇၂၈.၉၅၅ | ၆,၅၆၃.၇၂၀ | -၄,၈၃၄.၇၆၅ | ၆၁.၆၉% | ၆၉.၄၈% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | | ၂၁၉,၁၇၂.၄၇၈ | -၂၁၉,၁၇၂.၄၇၈ | | ၁၁၁,၂၀၅.၃၅၄ | -၁၁၁,၂၀၅.၃၅၄ | | ၅၀.၇၄% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | ၁,၆၇၀.၃၅၀ | -၁,၆၇၀.၃၅၀ | | ၂၁၉.၇၇၃ | -၂၁၉.၇၇၃ | | ၁၃.၁၃% |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၉၂၂.၅၃၈ | ၂,၃၇၅.၉၃၄ | -၁,၈၁၃.၄၃၆ | ၆၀.၄၀၀ | ၁၃၅.၅၂၃ | -၉၅.၁၂၃ | ၆.၅၅% | ၅.၆၈% |
| | ၁၆ | ပညာရေး | ၆,၆၇၆.၈၄၉ | ၁၅၇,၇၉၇.၅၉၅ | -၁၅၁,၁၂၀.၇၄၆ | ၂,၅၂၀.၂၆၄ | ၆၄,၂၉၉.၀၂၄ | -၆၁,၇၇၈.၇၆၀ | ၃၇.၇၅% | ၄၀.၇၅% |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၁၄,၈၂၃.၇၃၀ | ၁၁၄,၉၆၈.၃၆၂ | -၁၀၀,၁၄၀.၆၃၁ | ၄,၁၁၆.၉၀၈ | ၂၃,၃၉၆.၅၆၅ | -၁၉,၂၇၉.၆၅၇ | ၂၇.၇၆% | ၂၀.၃၅% |
| | ၁၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၁,၃၀၇.၅၀၀ | ၃,၄၂၉.၄၄၇ | -၂,၁၂၁.၉၄၇ | ၃၀.၀၀၀ | ၃၈.၇၇၈ | -၇.၆၆၈ | ၂.၃၈% | ၁.၁၃% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂,၃၀၀.၂၅၈ | ၁၈,၈၈၇.၁၇၀ | -၁၆,၅၇၆.၉၁၂ | ၂,၃၀၇.၂၃၈ | ၂,၉၇၅.၂၀၀ | -၆၀၇.၉၆၂ | ၁၀၀.၃၀% | ၁၅.၇၄% |
| | ၁၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | | ၁,၀၉၅.၉၇၇ | -၁,၀၉၅.၉၇၇ | ၇.၂၅၆ | ၂၇၃.၅၇၉ | -၂၆၆.၂၈၃ | | ၂၄.၉၆% |
| | ၂၀ | ဆောက်လုပ်ရေး | ၁၆,၃၃၂.၇၄၈ | ၂၃၃,၀၂၁.၀၅၆ | -၂၁၆,၆၈၈.၃၀၈ | ၆,၁၉၀.၄၀၀ | ၁၉၂,၅၈၁.၃၉၄ | -၁၈၆,၃၉၁.၉၉၄ | ၃၇.၉၀% | ၈၂.၆၅% |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၂၀၇.၃၅၆ | ၂,၄၉၁.၆၃၈ | -၂,၂၈၄.၂၈၂ | ၇၀၃.၇၄၉ | ၁,၀၆၇.၀၂၂ | -၃၆၃.၃၇၃ | ၃၃၉.၃၉% | ၄၂.၈၃% |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၀.၅၀၀ | ၁၇၂.၈၃၃ | -၁၄၂.၃၃၃ | ၃၄.၂၆၇ | ၄၁.၉၈၆ | -၇.၇၁၉ | ၁၁၂.၃၅% | ၂၄.၂၉% |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၆၅၉.၉၃၄ | -၆၅၉.၉၃၄ | | ၂၀.၁၁၂ | -၂၀.၁၁၂ | | ၃.၀၈% |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၁၄၀,၂၁၂.၀၇၀ | ၁,၅၅၈,၂၆၇.၂၁၄ | -၁,၄၁၈,၀၅၅.၁၄၄ | ၂၁,၆၀၅.၃၅၁ | ၇၅၇,၃၁၈.၆၆၆ | -၇၃၅,၇၁၃.၃၁၅ | ၁၅.၄၁% | ၄၈.၆၀% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **ဝန်ကြီးဌာန၊ဦးစီးဌာနများ** | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | | | | | | | | |
| | ၄ | ကာကွယ်ရေး | | ၃,၇၆၀.၇၅၃ | -၃,၇၆၀.၇၅၃ | | ၁,၃၆၁.၈၈၅ | -၁,၃၆၁.၈၈၅ | | ၃၆.၂၀% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | ၁၆၂.၉၆၅ | -၁၆၂.၉၆၅ | | ၁၅၈.၀၂၅ | -၁၅၈.၀၂၅ | | ၉၆.၉၇% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၅၃,၄၆၅.၈၈၄ | ၅၂,၇၇၄.၁၀၄ | +၁၀၀,၆၉၁.၇၈၀ | ၈၂,၃၉၄.၄၆၅ | ၄၉,၁၇၆.၇၇၅ | +၃၃,၂၁၇.၆၉၀ | ၅၃.၆၉% | ၉၃.၁၈% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၈,၂၉၉.၇၈၃ | ၃၃,၁၈၀.၇၆၆ | -၁၄,၈၈၀.၉၈၃ | ၇,၅၀၀.၈၂၇ | ၃၁,၆၀၅.၂၈၉ | -၂၄,၁၀၄.၄၆၂ | ၄၀.၉၉% | ၉၅.၂၅% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | | | | | | | | |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၉၄,၇၁၅.၈၆၉ | ၂၀,၀၄၆.၅၁၄ | +၇၄,၆၆၉.၃၅၅ | ၇၈,၃၄၀.၅၆၇ | ၁၇,၃၄၈.၁၂၅ | +၆၀,၉၉၂.၄၄၂ | ၈၂.၇၁% | ၈၆.၅၄% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၀၈.၄၉၂ | | +၂၀၈.၄၉၂ | ၀.၄၀၀ | | +၀.၄၀၀ | ၀.၁၉% | |
| | ၁၆ | ပညာရေး | ၁၂,၀၅၀.၁၄၉ | | +၁၂,၀၅၀.၁၄၉ | ၅၁၇.၀၇၅ | | +၅၁၇.၀၇၅ | ၄.၂၉% | |
| | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၄,၇၁၃.၅၈၄ | | +၄,၇၁၃.၅၈၄ | ၂၉၀.၄၇၅ | | +၂၉၀.၄၇၅ | ၆.၁၈% | |
| | ၁၈ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၉၁၅.၀၀၀ | | +၉၁၅.၀၀၀ | | | | | |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၄၄,၅၄၃.၁၅၄ | ၁၆၆,၅၀၀.၇၀၅ | -၂၁,၉၅၈.၅၅၁ | ၁၆၂,၂၉၆.၁၂၁ | ၁၈၄,၉၇၆.၁၀၄ | -၂၂,၆၇၉.၉၈၃ | ၁၁၂.၂၈% | ၁၁၁.၁၀% |
| | ၁၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး | | | | | | | | |
| | ၂၀ | ဆောက်လုပ်ရေး | ၁၃၃,၆၆၈.၇၉၈ | | +၁၃၃,၆၆၈.၇၉၈ | ၆၂,၉၈၁.၈၇၂ | | +၆၂,၉၈၁.၈၇၂ | ၄၇.၁၂% | |
| | ၂၁ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၂ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၃ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | ၂၄ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၅၆၂,၅၈၀.၇၁၃ | ၂၇၆,၄၂၆.၈၀၇ | +၂၈၆,၁၅၃.၉၀၆ | ၃၉၄,၃၂၂.၈၀၂ | ၂၈၄,၆၂၆.၂၀၃ | +၁၀၉,၆၉၆.၅၉၉ | ၇၀.၀၉% | ၁၀၂.၉၇% |

# ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂,၂၁၈,၁၂၅.၉၄၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၅၄၆,၅၄၀.၄၇၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၄.၈၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂,၃၅၈,၁၀၈.၄၈၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၀၄၅,၈၃၇.၇၈၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၆.၇၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** **နယ်စပ်ရေးရာဝန်ကြီးဌာန**တွင် အိန္ဒိယနိုင်ငံမှလှူဒါန်းသော ကူညီထောက်ပံ့ငွေရရှိခြင်း၊ တင်ဒါရောင်းရငွေနှင့်စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်သွင်းငွေများရရှိခြင်း၊ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် ကျမ်းစာအုပ်ရောင်းရငွေများ၊ အိမ်ခန်းငှားရမ်းခရငွေ၊ မော်ကွန်းရုပ်ရှင်ဆက်တင်ပစ္စည်းများရောင်းရငွေ၊ အချိန်ပိုင်းအနုပညာဒီပလိုမာကြေးရငွေ၊ LED Board ငှားရမ်းခများ၊ ဇုန်ဝင်ကြေးနှင့် ပြတိုက်ဝင်ကြေးများ ပိုမိုရရှိခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**တွင် တင်ဒါပုံစံရောင်းရငွေများ၊ ငှားရမ်းခရငွေများ၊ ရေယာဉ်ဖြတ်သန်းခရငွေများ၊ သစ်ပင်ရောင်းချရငွေများ၊ စာချုပ်စာတမ်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ နှုန်းထားတိုးမြှင့်ကောက်ခံခြင်းကြောင့်ပိုမိုရရှိငွေ၊ အလုပ်မှနုတ်ထွက်ခြင်းကြောင့် လျော်ကြေးငွေ၊ ပညာသင်လျော်ကြေးငွေ၊ Art Gallery ရောင်းရငွေအပေါ်အမြတ် ၁၀% ပေးသွင်းခြင်းမှရငွေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်ရရှိသူများထံမှ ကြွေးကျန်များကောက်ခံရရှိခြင်း၊ ဂရန်အင်းများမှ အင်းခွန်ရရှိငွေ၊ မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်းမှရရှိသော ငါးစိုခွန်၊ လှေခွန်၊ ကိရိယာခွန်၊ ရေလုပ်သားမှတ်ပုံတင်ကြေး၊ ငါးမွေးမြူခြင်းဆိုင်ရာ အခွန်အခများနှင့် ရေချိုငါးလုပ်ငန်းမှရရှိသောအခွန်အခများပိုမိုရရှိခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ပြည်ပသင်္ဘောကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ကြသည့် သင်္ဘောသားများအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ ပေးသွင်းလာသည့်ရငွေများနှင့် သင်္ဘောကုမ္ပဏီများမှ လုပ်ငန်းလိုင်စင်ယာယီ ထုတ်ပေးခြင်းရငွေ၊ ပြည်တွင်းပြည်ပသင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများ၊ အရာရှိများအား အရည်အချင်းစစ်ဆေးပေးခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်များထုတ်ပေးခြင်း

ရငွေနှင့်ကုန်းပတ်အရာရှိ၊ ရေကြောင်းအင်ဂျင်နီယာအရာရှိ ကျွမ်းကျင်မှု လက်မှတ်စာမေးပွဲဘုတ်အဖွဲ့များ ဖျက်သိမ်းသဖြင့် ဘုတ်အဖွဲ့၏ ရန်ပုံငွေများ၊ အကောက်စခန်းများတွင် ရေယာဉ်ဖြတ်သန်းခရငွေများ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်များ မြန်မာပြည်နယ်နိမိတ်အပေါ် ဖြတ်သန်းခြင်းမှရငွေများ၊ ယာဉ်မောင်းလိုင်စင်အခနှုန်းထားများ ပြောင်းလဲကောက်ခံခြင်း၊ မော်တော် ဆိုင်ကယ်ကနဦး မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်း၊ နှစ်လဲမှတ်ပုံတင် ဆောင်ရွက်သော ယာဉ်စီးရေနှင့် ယာဉ်မောင်းလိုင်စင် စောင်ရေတိုးလာခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (BP/TBP) ရောင်းချ ရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ သံရုံးဗီဇာခများ၊ နေခွင့်ဗီဇာများ၊ နိုင်ငံခြားသားမှတ်ပုံတင်ခများ၊ လိုင်စင်ဒဏ်ကြေး၊ စာရွက် စာတမ်းကြေး၊ လျှော်ကြေးများ၊ ဆိုင်ခန်းငှားရမ်းခရငွေများနှင့် တင်ဒါပုံစံရောင်းချ ရငွေ များ ရရှိခြင်းကြောင့်ပိုမိုရခြင်း၊ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန**တွင် ကုန်ပစ္စည်းအမယ်အချို့အတွက် လိုင်စင်ကင်းလွတ်ခွင့်ပြုချက် တို့ရှိခဲ့သော်လည်း မော်တော်ယာဉ်ပါမစ်လုပ်ငန်းမှ ပိုမိုဆောင်ရွက်ခဲ့ခြင်းနှင့် သွင်းကုန်လိုင်စင်ကြေးနှုန်းထားတိုးမြှင့်ခဲ့ခြင်း၊ နေအိမ်ငှားရမ်းခရငွေများ၊ သက်သာ ဆိုင်ခန်းငှားရမ်းခရငွေများ၊ Transit Trade မှရငွေ၊ ကုန်ချကွင်းယာဉ် ဖြတ်သန်းခ၊ Weight Bridge မှ ရငွေ၊ Manifest မှရငွေနှင့် အခြားရငွေတို့မှ ပိုမိုရရှိခဲ့ခြင်း၊ United Nations Office For Project Services (UNOPS) မှ Enhanced Integrated Frame Work (EIF) အတွက် ပြည်ပအကူအညီရငွေ ဒုတိယ(၃)လပတ်တွင်ရရှိခြင်းကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း၊ ယခင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိက ပိုင်ကဏ္ဍတို့မှကုန်သွယ်လုပ်ငန်းခွန်များ၊ အရက်၊ ဝိုင်နှင့် ကားထုတ်လုပ်မှုများ နှင့်သွင်းကုန်များမှအထူးကုန်စည်ခွန်များ၊ သတ်မှတ်ကာလတွင် လာရောက် ထုတ်ယူခြင်းမရှိသည့် ဘဏ္ဍာသိမ်းထီဆုငွေများ၊ စည်းကြပ်မှုမှလွတ်ကင်း နေသောဝင်ငွေအပေါ် အခွန်နှုန်းထားအား ၃% လျှော့ပေါ့ပြဋ္ဌာန်းပေးသောကြောင့် အိမ်၊ ခြံ၊ မြေနှင့် လယ်ယာမြေများ ဝယ်ယူရောင်းချမှုနှင့် မေတ္တာနှင့်ပေးကမ်း ခြင်းအပေါ်ပစ္စည်းလွှဲပြောင်းချုပ်ဆိုမှုတို့အတွက် ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်များ၊ နိုင်ငံပိုင်၊သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍတို့မှဝင်ငွေခွန်များ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်သက်သာသော အခွန်ရာခိုင်နှုန်းဖြင့်အခွန်

ထမ်းဆောင်ခြင်းပြုခဲ့ခြင်းကြောင့် အိမ်၊ ခြံ၊ မြေများဝယ်ယူမှုများပြားခြင်းကြောင့် ဝင်ငွေခွန်များပိုမိုရရှိခဲ့ခြင်းနှင့် တရားမဝင်ကုန်စည်ထိန်းချုပ်ရေး စီမံချက်များ ရေးဆွဲ၍ ပူးပေါင်းစစ်ဆေးရေး ဂိတ်များဖွင့်လှစ်ဆောင်ရွက်ခြင်းကြောင့် အခွန် ရငွေများပိုမိုရရှိခြင်း၊ အာမခံကိုယ်စားလှယ်များ၏ လိုင်စင်သက်တမ်းတိုး၍ ကဒ်အသစ်လဲလှယ်ခြင်းအတွက်ဝင်ငွေရရှိခြင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၁) ခု ၏ နှစ်စဉ်လိုင်စင်ကြေးများပေးသွင်းခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန**တွင်အသုံးမလိုသော ပိုလျှံပစ္စည်းဟောင်းများရောင်းရငွေ၊ တင်ဒါပုံစံ ရောင်းရငွေနှင့် ငှားရမ်းခရငွေမှ Golden Traingle Paradice Resort Hotel နှင့် Victoria Entertainment Resort ဟိုတယ်တို့မှ မြေငှားရမ်းခကြွေးကျန် များပေးသွင်းခြင်း၊ HAGL ဟိုတယ်မှာမြေငှားရမ်းခနှုန်းပြောင်းလဲခြင်းနှင့် MHI Hotel မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ အမြတ်ရငွေရရှိခြင်းတို့ကြောင့် ပိုမို ရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင်နိုတြီထောက် ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ ပြည်ပအကူအညီရငွေအား လုပ်ငန်း အကောင်အထည်ဖော်မှု အနည်းငယ်လျော့နည်းခြင်း၊ ပြည်ပရောက် မြန်မာ နိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ **ပြည်ထဲရေး ဝန်ကြီးဌာန**တွင် သာမန်နိုင်ငံကူးလက်မှတ်ရောင်းရငွေ၊ သာမန်နိုင်ငံကူး လက်မှတ်စာအုပ် ပျက်စီး/ပျောက်ဆုံးခြင်းကြောင့် ဒဏ်ကြေးရငွေများ အမှန် ရရှိမှုမရှိခြင်း၊ ငှားရမ်းခ၊ အထွေထွေရငွေနှင့် ပိုပေးမိငွေများမှမျှော်မှန်း သည်ထက် လျော့နည်းရရှိခဲ့ခြင်း၊ **ကာကွယ်ရေးဝန်ကြီးဌာန**တွင် အရာရှိသုံးပစ္စည်းဆိုင်များမှ ပစ္စည်းရောင်းချရမှုနည်းပါးခြင်း၊ မြေနှင့် အဆောက်အဦငှားရမ်းခများ လျော့နည်းရရှိခြင်း၊ ကာကွယ်ရေးပစ္စည်း စက်ရုံများမှကုန်ချောပစ္စည်းများ ရောင်းရငွေလျော့နည်းရရှိခြင်း၊ ထုတ်လုပ်ရေး တပ် (ပြည်သူ့ဆက်ဆံရေး) မှ သတင်းစာ၊ မဂ္ဂဇင်းစာစောင်များ ဖြန့်ဝေ ရောင်းချမှုလျော့နည်းခြင်း၊ ကြော်ငြာခရငွေများလျော့နည်းခြင်း၊ **ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**တွင် မြေနှင့်အဆောက်အဦငှားရမ်းခ၊ ဟိုတယ် ငှားရမ်းခများမှာ ခြောက်လ တစ်ကြိမ်နှင့် တစ်နှစ်တစ်ကြိမ်ပေးသွင်းခြင်း၊ ယစ်မျိုးလုပ်ငန်းရှင်များမှ လာရောက်ပေးသွင်းမှုလျော့နည်းခြင်းနှင့် တာတမံ ခွန်တွင် သက်ဆိုင်ရာဌာနမှ ရေခွန်ပြေစာများ ပေးပို့ခြင်းမရှိသောကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် ရွှေလီ(၁)နှင့် တာပိန် (၁) စက်ရုံ၏ထုတ်လုပ်နိုင်မည့် ခတ်အားယူနစ်များအတွက်ရရှိသည့် အခွန်

အကောက်ရငွေများအား တစ်လနောက်ကျပြီးမှရရှိခြင်း၊ ရေအားလျှပ်စစ်ခေတ်အား ထုတ်လုပ်မှုယူနစ်များ လျော့နည်းခြင်းကြောင့်ရငွေလျော့နည်းရရှိခြင်း၊ ဇော်တိကစီမံကိန်းမှ သဘာဝဓာတ်ငွေ့အထွက်နှုန်း ကျဆင်းခြင်းနှင့် Exchange Rate လျော့နည်းခြင်းတို့ကြောင့်လျော့နည်းရရှိခြင်း၊ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**တွင် ပြည်ပအကူအညီဖြင့် ဆောင်ရွက်သည့်စီမံချက်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် WHO, UNICEF, ADB စသည့်အဖွဲ့တို့မှ အကူအညီရငွေများအား ရငွေစာရင်းတင်ရန် လျာထားခဲ့သော်လည်းမရရှိခြင်း၊ JICA အဖွဲ့မှ ပစ္စည်းများအနေနှင့်ရရှိလာမှုအား ငွေသားဖြင့်တန်ဖိုးသင့်၍ စာရင်းတင်ဖော်ပြရန်အတွက် ဖြည့်စွက်ခွင့်ပြုငွေတွင် တောင်းခံထားဆဲဖြစ်၍ စာရင်းတင်ဖော်ပြနိုင်မှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် ဘွဲ့တံဆိပ်ဆက်ကပ်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဆရာတော်ကြီးများ၏ တည်းခိုစရိတ်နှင့် ခရီးစရိတ်များ၊ တိပိဋက မြန်မာအဘိဓာန်ကျမ်းပြုဆရာတော်ကြီးများအား ဆွမ်းဆန်တော်လှူဒါန်းငွေ၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာအောင်ပုဂ္ဂိုလ်များအား ဆုချီးမြှင့်ငွေလှူဒါန်းခြင်း၊ ဘွဲ့တံဆိပ်အဆောင်အယောင်ပစ္စည်းဖိုးများ၊ ဘွဲ့တံဆိပ်တော်တွင်ထည့်သွင်းပြုလုပ်သော ရွှေဖိုးများပိုမိုသုံးစွဲခြင်း၊ ပြည်နယ်/တိုင်းဒေသအသီးသီးရှိ သာသနိကအဆောက်အဦများ ပြုပြင်မွမ်းမံခြင်းတို့အတွက် လှူဒါန်းခြင်း၊ ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ခြင်း၊ COVID-19 ကူးစက်ရောဂါကာကွယ်ရန် လိုအပ်သော ဆေးပစ္စည်းများဝယ်ယူခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် မော်တော်ယာဉ်များပြင်ဆင်ခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးရန်ပုံငွေသို့ နှစ်စဉ်ကြေးပေးသွင်းရခြင်းကြောင့်ပိုမိုရခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် ခရိုင်ရုံး၊ မြို့နယ်ရုံးနှင့်မူလတန်းကြိုကျောင်းများ အသစ်ထပ်မံဖွင့်လှစ်ခြင်းကြောင့် ရုံးအသုံးအဆောင်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အစားအစာရိက္ခာများသုံးစွဲခြင်း၊ မြန်မာနိုင်ငံကလေးများနေ့အခမ်းအနားများကျင်းပခြင်း၊ ဘေးဖြစ်ပွားရာဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ၊ စားရေးရိက္ခာများပေးပို့ ထောက်ပံ့ရာတွင် သယ်ပို့စရိတ်များနှင့်တန်ဆာခများပိုမိုသုံးစွဲခြင်း၊ လူမှုရေးပင်စင်ထောက်ပံ့ခြင်းများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးများအား ထောက်ပံ့ခြင်းများအတွက် ပထမအကြိမ်နှင့် ဒုတိယအကြိမ်အား ဒုတိယ(၃)

လပတ်တွင်ထောက်ပံ့ခြင်း၊ သဘာဝဘေး ထိခိုက်ခံစားနေရသည့် ပြည်သူများအား ထိရောက်စွာကူညီထောက်ပံ့မှုများရရှိစေရန် ဘေးဖြစ်ပွားရာဒေသများတွင် ရန်ပုံငွေထောက်ပံ့ခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**တွင် Lux Dev ၏ နည်းပညာဆိုင်ရာ အထောက်အပံ့ကုန်ကျစရိတ်၊ ADB ပြည်ပအကူအညီရငွေမှ ခာတ်ဆီ၊ ဒီဇယ်ဆီဝယ်ယူစရိတ်များပေးချေခဲ့ခြင်း၊ ခရီးမြှင့်တင်ရေးအသုံးစရိတ်များသုံးစွဲခြင်း၊ ADB ပြည်ပအကူအညီရငွေမှ နိုင်ငံခြားသားအတိုင်ပင်ခံစရိတ်များပေးချေခြင်း၊ ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပိုမိုပြုလုပ်ခဲ့ခြင်းတို့ကြောင့်ပိုမိုရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် Monitoring Station ရုံးများအတွက် မြေငှားရမ်းခများ ပေးချေနိုင်မှုမရှိသေးခြင်း၊ တင်ဒါခေါ်ယူ၍ စာချုပ်ချုပ်ဆိုပြီးဖြစ်သော်လည်း ပစ္စည်းလက်ခံရရှိမှုမရှိသေးခြင်း၊ ဌာနပိုင်မော်တော်ယာဉ်များအတွက် စက်သုံးဆီဝယ်ယူရာတွင် ဈေးနှုန်းလျော့နည်းခြင်း၊ ရတနာပုံတယ်လီပို့ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သို့ 2600 MHz လှိုင်းနှုန်းအသုံးပြုခအား ပေးသွင်းငွေမှ ပြန်လည်ထုတ်ပေးရာတွင် အပြည့်အဝပေးချေနိုင်မှုမရှိသေးခြင်း၊ မြို့ပြလေကြောင်းလမ်းညွှန်ဝန်ဆောင်မှုအဖွဲ့သို့ နှစ်စဉ်ကြေးပေးချေရာတွင် တောင်းခံသည့်အတိုင်းပေးချေရခြင်း၊ ယခင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် COVID-19 ကြောင့် ခရီးစဉ်များရပ်ဆိုင်းထားသဖြင့် ပြည်တွင်း/ပြည်ပ ခရီးစဉ်များသွားရောက်မှုနည်းပါးခြင်း၊ လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူမှုနည်းခြင်း၊ PFM စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်(IDA) ချေးငွေ စုစုပေါင်း USD ၃၀ သန်းအနက် ၃၀-၁၁-၂၀၁၉ ရက်နေ့အထိ ထုတ်ယူသုံးစွဲခဲ့သည့် ငွေပမာဏအပေါ် အချိုးကျပေးချေရန်စေ့ရောက်သည့် အတိုးပေးငွေမှာ ငွေလဲလှယ်နှုန်းအရ ခန့်မှန်းသည်ထက် လျော့နည်းပေးချေရခြင်း၊ အရေးပေါ်ကိစ္စရပ်များပေါ်ပေါက်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ သုံးစွဲနိုင်ရေးအတွက် ရန်ပုံငွေလျာထားခြင်းဖြစ်သော်လည်း သုံးစွဲခွင့်ပြုသည့် ဌာနများတွင်သာ စာရင်းရေးသွင်းရခြင်း၊ ပြည်တွင်းကြွေးမြီပေါ် အတိုးပေးချေရာတွင် အစိုးရငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအား ခန့်မှန်းသည်ထက် လျော့နည်းရောင်းချရခြင်းနှင့် ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက်ရရှိမည့် European Union မှ ငွေကြိုလမှသာ ထုတ်ယူသုံးစွဲမည်ဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် ဝန်ထမ်းများ လျာထားသည့်အတိုင်း ခန့်ထား

နိုင်မှုမရှိခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များသွားရောက်မှုနည်းပါးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုနည်းပါးခြင်း၊ မြေယာရှုခင်းဆိုင်ရာ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် ခွင့်ပြုမိန့်တောင်းခံဆဲဖြစ်ခြင်း၊ မြို့ပြဆိုင်ရာ အထောက်အကူပြုသင်တန်းများ၊ ပညာပေးသင်တန်းများနှင့် ဌာနတွင်းသင်တန်းများဖွင့်လှစ်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ချေးငွေရယူနိုင်မှုမရှိသေးသဖြင့် အတိုးပေးချေရန်မလိုအပ်သေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁၄၀,၂၁၂.၀၇၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၁,၆၀၅.၃၅၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၅.၄၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၅၅၈,၂၆၇.၂၁၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၅၇,၃၁၈.၆၆၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၈.၆၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် လူကုန်ကူးခံရသူများအား ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ တည်ဆောက်ရန်နှင့် ဂေဟာအတွက်လိုအပ်သော ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများဝယ်ယူခြင်းအတွက် ပြည်ပအကူအညီရငွေအား ဒုတိယ (၃)လပတ်တွင် ရရှိခြင်းကြောင့် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် အမျိုးသားပြဇာတ်ရုံ(ရန်ကုန်)အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပညာနှင့် ပစ္စည်းအကူအညီမရရှိသေးခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**တွင် IAIDP (Irrigated Agriculture Inclusive Development Project) စီမံကိန်း၊ ကျေးလက်ဒေသစိုက်ပျိုးရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခြင်း စီမံကိန်း၊ CFAVC (Climate Friendly Agribusiness Value Chain Sector Project) စီမံကိန်း၊ မဲခေါင်-လန်ချန်းစီမံကိန်း၊ ဘက်စုံမျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြန်မာနိုင်ငံတွင်ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ် စီမံကိန်း၊ စွမ်းအားမြှင့် မီးဖိုစီမံကိန်း၊ ရေငန်ပုဇွန်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုး

တိုးတက်ရေးစီမံကိန်း၊ ဒိန်းမတ်-မြန်မာ စီမံကိန်း၊ မီးလင်းရေးလုပ်ငန်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ အရှေ့ပိုင်းဒေသများ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ပြည်ပအကူအညီ ရငွေများ လျာထားချက်အတိုင်းမရရှိခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် JICA အကူအညီဖြင့်ဆောင်ရွက်သည့် မန္တလေးဆိပ်ကမ်း စီမံကိန်းအတွက် လုပ်ငန်းများစတင်နိုင်မှုမရှိသေးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့်ဆောင်ရွက်သည့် ဝမ်ပုံဆိပ်ကမ်းဖြစ်မြောက်နိုင်မှု လေ့လာရေး စီမံကိန်းအတွက် ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အချိန်တွင် JICA မှ Yearly Payment Plan အား ပြောင်းလဲခဲ့ခြင်းကြောင့် ပြည်ပအကူအညီရငွေလျော့နည်းခြင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် ဂျပန်နိုင်ငံ မာကီနိုရက္ခဗေဒဥယျာဉ် (MBK) မှ စီမံကိန်းအတွက် ငွေလွှဲပေးပို့မှုမရှိသေးခြင်း၊ အဖွဲ့အစည်းများ၏ Consultant Firm လုပ်ငန်းများအား ဆောင်ရွက်ရန် ကျန်ရှိနေခြင်းကြောင့် ပြည်ပအကူအညီအား စာရင်းတင်ဆောင်ရွက်နိုင်မှုမရှိသေးသဖြင့် ပြည်ပအကူအညီရငွေလျော့နည်းခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် JICA မှ လျာထားသည့်ပစ္စည်းများ၏ Claim Bill တင်ပြလာမှုမရှိသေးခြင်းနှင့် JICA ၊ Kfw ၊ KOICA တို့၏ အကူအညီဖြင့်ဆောင်ရွက်သည့် ဂျပန်-မြန်မာ အောင်ဆန်း သက်မွေးသင်တန်းကျောင်း တည်ထောင်ခြင်း၊ TVET Reform Programme နှင့် TVET Teacher Training Institute (TTTI) တည်ထောင်ခြင်းစီမံကိန်းများ အတွက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းနေဆဲဖြစ်ခြင်းကြောင့် ပြည်ပအကူအညီများရရှိလာမှုမရှိသေးခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**တွင် JICA မှ အကူအညီဖြင့်ဆောင်ရွက်သည့် ရန်ကုန်အထူးကုဆေးရုံသစ်ကြီးနှင့် ထားဝယ်ပြည်သူ့ဆေးရုံ အဆင့်မြှင့်တင်ခြင်းစီမံချက်မှ စာရင်းတင်ဖော်ပြရန် အတွက် MFTB မှ Bill များမရောက်ရှိခြင်းကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ **ယခင်စက်မှုဝန်ကြီးဌာန**တွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့် အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ) PV System အတွက် သင်ထောက်ကူပစ္စည်းများ

ဝယ်ယူခြင်းနှင့် တင်ဆင်ခြင်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ စက်မှုသင်တန်းကျောင်း(မုံရွာ၊မြင်းခြံ၊သထုံ)များအတွက် သင်ထောက်ကူပစ္စည်းများမရောက်ရှိသေးခြင်းတို့ကြောင့် ယင်းနှင့်ဆက်စပ်သည့်ရငွေများလျော့နည်းခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့်ဆောင်ရွက်သော ကွမ်းလုံတံတားတည်ဆောက်ရေး စီမံကိန်းမှာ ၂၀၂၀ ပြည့်နှစ်၊ မတ်လကုန်မှစတင်၍ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ခြင်း၊ Kfw အထောက်အပံ့ဖြင့် ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် China AID မှ ထောက်ပံ့ပေးမှုမရှိသေးသဖြင့် ပြည်ပအကူအညီရငွေလျော့နည်းရရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများတွင် တင်ဒါခေါ်ယူ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပြီး တင်ဒါစည်းကမ်းအရ ငွေပေးချေခြင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား ကာကွယ်ရေးဝန်ကြီးဌာနသို့ငွေအပ်လုပ်ငန်းအဖြစ်ဆောင်ရွက်ပြီးငွေပေးချေရခြင်းကြောင့်ပိုမိုရခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **ကာကွယ်ရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲကာလဖြစ်ခြင်း၊ စက်ပစ္စည်းဝယ်ယူရာတွင် ဝယ်ယူရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းအချို့မှာ ခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ မော်တော်ယာဉ်အကြီးစား ပြင်ဆင်နိုင်မှုလျော့နည်းခြင်း၊ မော်ကွန်းရုပ်ရှင်ရိုက်ကူးခြင်းအတွက် Outdoor & Indoor ရိုက်ကွင်းဖန်တီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေခြင်း၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) နှင့် (ရန်ကုန်)ကို e-library ချိတ်ဆက်ခြင်းနှင့် ဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် စာချုပ်အရ ပထမအရစ်(၁၀%)သာ ငွေပေးချေနိုင်ခဲ့ခြင်း၊ **စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**တွင် လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါခေါ်ယူပြီးသော်လည်း စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပစ္စည်းရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအပေါ်မူတည်၍ ငွေပေးချေရခြင်း၊ အကြီးစားပြင်ဆင်ရန်လိုအပ်သည့် မော်တော်ယာဉ်များအား ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ခွင့်ပြုချက်အတိုင်းပြင်ဆင်ခဲ့ခြင်း၊ ADSP စီမံကိန်း

အတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ AIIP စီမံကိန်းအတွက် စက်ပစ္စည်းများ ရရှိပြီး ၆၀ % သာ ပေးချေနိုင်ခြင်း၊ Dop Website Software ရေးဆွဲရန် ညှိနှိုင်းဆဲဖြစ်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်းအတွက် ငွေပေးချေရန်ကျန်ရှိခြင်း၊ ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအတွက် Consultant များ ငှားရမ်းရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တင်ဒါခေါ်ယူပြီးစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ရေဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရုံးချုပ် ပင်မအဆောက်အအုံဆောက်လုပ်ရန်အတွက် စာချုပ်ချုပ်ဆိုနိုင်မှုမရှိသေးခြင်း၊ အလိုအလျောက်မိုးလေဝသတိုင်းတာရေးစခန်းများအတွက် ကိရိယာများနှင့် မြစ်ရေအခြေအနေစောင့်ကြည့်လေ့လာခြင်း ကိရိယာများအတွက် လုပ်ငန်းရှင်ဘက်မှငွေတောင်းခံလွှာပေးပို့ရန် နောက်ကျနေခြင်း၊ တွံတေးတူးမြောင်းစီမံကိန်းအတွက် နည်းပညာအကြံပေး ကုမ္ပဏီနှင့် စာချုပ်ချုပ်နိုင်မှုနောက်ကျခဲ့သဖြင့် အသေးစိတ် ဒီဇိုင်းများရေးဆွဲနေရခြင်းကြောင့် ငွေသုံးစွဲနိုင်မှုမရှိသေးခြင်း၊ မန္တလေးဆိပ်ကမ်းစီမံကိန်းနှင့် တွံတေးတူးမြောင်းစီမံကိန်းတို့အတွက် မြေယာလျော်ကြေးကိစ္စများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ဝမ်ပုံဆိပ်ကမ်းဖြစ်မြောက်နိုင်မှု လေ့လာရေးစီမံကိန်းအတွက် အကြံပေးအဖွဲ့များငှားရမ်းရာတွင် ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ JICA အကူအညီရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တင်ဒါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်အချိန်တွင် Yearly Payment Plan အား ပြောင်းလဲခဲ့ခြင်းကြောင့် ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်သည့် အသုံးစရိတ်များ လျော့နည်းခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်းများတွင် တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ Telecommunication Sector Reform Project အတွက်စက်ပစ္စည်းများ ဝယ်ယူဆောင်ရွက်ဆဲကာလဖြစ်ခြင်း၊ ပြည်တွင်း ပြည်ပအကြံပေးငှားရမ်းခများအား Report အရသာ ငွေပေးချေရခြင်း၊ **သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းများဝယ်ယူမှုအတွက် ငွေပေးချေရန်ဆောင်ရွက်နေဆဲဖြစ်သဖြင့် ပေးချေနိုင်မှုမရှိသေးခြင်း၊ Government Accounting Software ဝယ်ယူခြင်းအတွက် ငွေသုံးစွဲမှုမရှိသေးခြင်းနှင့် ပြည်ပအကူအညီဖြင့်ဝယ်ယူမည့် စက်ပစ္စည်းများအတွက် ဝယ်ယူခွင့်ရရှိရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင်နေပြည်တော်စည်ပင်

သာယာရေးကော်မတီ၏ ခွင့်ပြုမိန့်ရရှိပြီးသော တိုးချဲ့အဆောက်အဦအား ပြေးလမှ စတင်ဆောက်လုပ်မည်ဖြစ်ခြင်း၊ ဂျပန်နိုင်ငံ (ODA) ချေးငွေနှင့် ကိုရီးယားချေးငွေများ ထုတ်ယူသုံးစွဲမှု လျော့နည်းခဲ့ခြင်း၊ ဓာတ်အားခွဲရုံ စီမံကိန်းများနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းများအတွက် ငွေပေးချေရန် လုပ်ငန်းစဉ်များနှင့် တင်ဒါလုပ်ငန်းစဉ်များအား ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ နိုင်ငံခြားမှပစ္စည်းများ ဝယ်ယူခြင်းအတွက် နိုင်ငံပိုင်နိုင်ငံခြား သုံးငွေခွင့်ပြုမိန့် ရရှိပြီး ငွေလွှဲစာတမ်းဖွင့်လှစ်ရန်ဆောင်ရွက်ဆဲဖြစ်၍ ငွေပေးချေနိုင်မှုမရှိသေး ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများအား တင်ဒါခေါ်ယူခြင်း လုပ်ငန်းစဉ်များဆောင်ရွက်နေဆဲဖြစ်ခြင်း၊ တရုတ်ချေးငွေဖြင့် ဆောင်ရွက်သည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် China EXIM Bank မှ ချေးငွေထုတ်ယူရာတွင် COVID-19 ကူးစက်ရောဂါပြန့်ပွားမှုကြောင့် တရုတ်နိုင်ငံမှမြန်မာနိုင်ငံသို့ တင်သွင်းရာ၌ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း များမှာအတားအဆီးများကြောင့် စက်ပစ္စည်းများမရောက်ရှိခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် ဆောက်လုပ်ရေး လုပ်ငန်းများတင်ဒါခေါ်ယူစိစစ်ပြီး လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်း အလိုက်ငွေပေး ချေရခြင်း၊ စက်ပစ္စည်းများလာရောက်ပေးပို့နိုင်ခြင်း မရှိသေးသဖြင့်ငွေမပေးချေ ရသေးခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် Computer နှင့် Laptop များဝယ်ယူခြင်းအတွက် specification ပြောင်းလဲဝယ်ယူရန် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ တင်ပြထားဆဲဖြစ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအရ ပေးချေနိုင်မှုမရှိသေးခြင်း၊ ပြည်ပမှ ချေးယူရငွေများမရရှိ သေးခြင်းတို့ကြောင့် ယင်းနှင့်ဆက်စပ်သည့် အသုံးစရိတ်များလျော့နည်းခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါ အောင်မြင်သည့်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက် နေဆဲဖြစ်ခြင်း၊ လုပ်ငန်းသစ်များဆောင်ရွက်ရာတွင် ပထမရစ်(၂၅%) ပြီး နိုင်မှုမရှိသဖြင့် ငွေထုတ်ယူမှုမရှိခြင်း၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက်ပေးချေ ရခြင်းနှင့် နည်းပညာတက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် JICA မှ လှူဒါန်းသည့်ပစ္စည်းများ၏ Claim Bill တင်ပြလာမှုမရှိသေးခြင်း၊ JICA ၊ Kfw နှင့် KOICA တို့၏ အကူအညီရငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန် သက်ဆိုင်ရာအဖွဲ့အစည်း များနှင့်ညှိနှိုင်းဆဲဖြစ်၍ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့် အသုံး

စရိတ်များလျော့နည်းခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင်** ဆောက်လုပ်ရေးအသုံးစရိတ်များ ဒုတိယ(၃)လပတ်တွင် သုံးစွဲရန်ခန့်မှန်းလျာထား သော်လည်း လုပ်ငန်းစတင်သည့်အချိန်တွင် COVID-19 ရောဂါဖြစ်ပွားမှုကြောင့် လုပ်ငန်းများနှောင့်နှေးခြင်း၊ ရပ်တန့်ခြင်း၊ လုပ်ငန်းအချို့မှာ လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအရ ငွေပေးချေရခြင်း၊ JICA မှ အကူအညီဖြင့်ဆောင်ရွက်သော စီမံချက်လုပ်ငန်းများအတွက် MFTB မှ Bill များ မရောက်ရှိသေးသဖြင့် စာရင်း တင်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် စက်ပစ္စည်းများဝယ်ယူရန်တို့အတွက် အဆင့်ဆင့် ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ အချို့သောစက်ပစ္စည်းများမှာ တင်ဒါခေါ်ယူ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ယခင် **စက်မှုဝန်ကြီးဌာနတွင်** စက်မှုသင်တန်းကျောင်း (သထုံ၊ မုံရွာ၊ ဆင်တဲ၊ မကွေးနှင့် မြင်းခြံ) တည်ဆောက်ရေးလုပ်ငန်းများမှာ လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆိုရန် ဆောင်ရွက်လျက်ရှိခြင်း၊ စက်နှင့်စက်ပစ္စည်းဝယ်ယူရေးအတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ယခင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင်** ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအတွက် ယာဉ်(၉၈)စီးဝယ်ယူရန် လျာထားသော်လည်း တင်ပြဆောင်ရွက်ဆဲဖြစ်ခြင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက် ငွေပေးချေမှုများ ဆောင်ရွက်ရခြင်း၊ စာချုပ်ပါ အရေအတွက်အတိုင်း ပစ္စည်းအပြည့်အဝ ပေးသွင်းနိုင်သော ကုမ္ပဏီများကိုသာ ငွေပေးချေမှုများဆောင်ရွက်ရခြင်းနှင့် PFM Project မှ International Audit Advisor ၊ International IT Advisor နှင့် Translator တို့အတွက်လစာများ၊ Mini Data Center(၂)လုံးအတွက် Internet Service Provider (ISP) Service Level Agreement(SLA) အသုံးစရိတ်များကိုခန့်မှန်း လျာထားခဲ့စဉ်က နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် အမှန်ပေးချေသော နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကွာဟခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတွင်** ဆောက်လုပ်ရေးလုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်း(၂၅%) အောက်လျော့နည်းနေသဖြင့် ငွေများထုတ်ပေးနိုင်မှုမရှိခြင်း၊ ရုံးသုံးစက်ကိရိယာများဝယ်ယူရာတွင် ပစ္စည်း ဝယ်ယူရေးကော်မတီ၏ စိစစ်ကြီးကြပ်မှုဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက် နေရခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေ ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၅၆၂,၅၈၀.၇၁၃ သန်းဖြစ်ပြီး၊ အကောင်

အထည်ဖော်နိုင်မှု ကျပ် ၃၉၄,၃၂၂.၈၀၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၀.၀၉ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၂၇၆,၄၂၆.၈၀၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၈၄,၆၂၆.၂၀၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၂.၉၇ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဌာန**တွင် FARM Project ၊ အိန္ဒိယချေးငွေစာချုပ်ပြင်ဆင်ချုပ်ဆိုခြင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း၊ စိုက်ပျိုးရေး ဝင်ငွေတိုးတက်ရေးစီမံကိန်း၊ CFAVC (Climate Friendly Agribusiness Value Chain Sector Project) စီမံကိန်း၊ ADSP (Agricultural Development Support Project) စီမံကိန်း၊ AIIP (Agricultural Income Improvement Project ) စီမံကိန်း၊ NEP (National Electrification Project ) နှင့် CDD Project ( Community-driven development) တို့အတွက် ပြည်ပချေးငွေများရရှိရန် လျာထားသော်လည်း မရရှိခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ကမ္ဘာ့ဘဏ်ချေးငွေ ဖြင့်ဆောင်ရွက်သည့် ရောဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းလုပ်ငန်းများနှင့် တွံ့တေးတူးမြောင်းစီမံကိန်းတို့အတွက် စာချုပ်ချုပ်ဆိုနိုင်မှုမရှိသေးခြင်း၊ Telecom Sector Reform Project အတွက်စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆဲ ဖြစ်ခြင်း၊အကြံပေးငှားရမ်းခများအား စာချုပ်ပါစည်းကမ်းချက်နှင့်အညီ လုပ်ငန်း ပြီးစီးမှုအတွက်သာ ကမ္ဘာ့ဘဏ်မှချေးငွေများ လွှဲပြောင်းပေးအပ်ခြင်းကြောင့် လျော့နည်းရရှိခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် ADB ချေးငွေဖြင့်ဆောင်ရွက်သည့် သင်ရိုးသစ် Grade 7 ၊ Grade 10 ပြဋ္ဌာန်းစာအုပ်များနှင့် ဆရာကိုင်စာအုပ်များ ရိုက်နှိပ်ဖြန့်ဝေခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေဆဲ ဖြစ်၍ ADB မှ ရန်ပုံငွေလွှဲပြောင်းပေးပို့မှုမရှိသေးခြင်း၊ **ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန**တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော Essential Health Services Access Project (EHSAP) စီမံချက်နှင့် ADB ချေးငွေ (GMS-Health Security Project) ဖြင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက်မှ အချို့သောလုပ်ငန်းများအား မူလလျာထားချက်အတိုင်း မဆောင်ရွက်နိုင်ဘဲ COVID-19 လုပ်ငန်းစဉ် နှင့်ဝယ်ယူရေးလုပ်ငန်းစဉ်များအား ဦးစားပေးပြောင်းလဲဆောင်ရွက်နေရခြင်း၊ ADB ချေးငွေနှင့် AFD ချေးငွေများ အားဒုတိယ(၃)လပတ်တွင်မရရှိသေးခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင်ချေးငွေဖြင့်

ဆောင်ရွက်မည့် လုပ်ငန်းများတင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ကုမ္ပဏီများမှာ သတ်မှတ်ထားသည့် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ချေးငွေသဘောတူစာချုပ်ချုပ်ဆိုမှုနောက်ကျခြင်း၊ စီမံကိန်းအကြံပေး အဖွဲ့အားခေါ်ယူရန်အတွက် JICA နှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ညှိနှိုင်းမှု များဆောင်ရွက်နေရခြင်း၊ ချေးငွေဖြင့်ဆောင်ရွက်သော တံတားတည်ဆောက်ရေး လုပ်ငန်းများမှာ လုပ်ငန်းပြီးစီးမှုအပေါ်ငွေထုတ်ပေးရခြင်း၊ ရေကြီး ရေလျှံ မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေး စီမံကိန်းအတွက် အထွေထွေအသုံးစရိတ်များသာ ပေးချေနိုင်ခြင်းနှင့် လုပ်ငန်းအချို့မှာ ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် ကြွေးမြီရငွေလျော့နည်းရခြင်း။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ယခင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်မှ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများသို့ထုတ်ချေးရာတွင် ချေးငွေလျှော့ကြောင်းထားနိုင်သည့် အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်းနှင့် Direct Marketing၊ Digital Marketing များ အားသွန် ခွန်စိုက်ပြုလုပ်ခြင်းတို့ကြောင့် SME လုပ်ငန်းရှင်များမှ ချေးငွေတောင်းဆိုမှု များပြားလာခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်မှု ဝန်ကြီးဌာနမှလွှဲပြောင်းရယူခဲ့သည့် စက်ရုံ(၄)ရုံ၏ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေ နှင့် တရုတ်ချေးငွေအတွက် အရင်းပေးဆပ်ရန် လျာထားခဲ့သော်လည်း အချိန် မစေ့ရောက်သေးခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၁၄.၈၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၅.၄၁ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၇၀.၀၉ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေ ရရှိမှုမှာ ၁၀၁.၄၂ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကိုပြည့်မီကျော်လွန် စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီ ရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၆.၇၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၄၈.၆၀ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၀၂.၉၇ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၇၃.၆၄ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက် ထက် အနည်းငယ် လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၃,၀၀၀.၀၀၀ | ၁၁,၉၄၆.၈၇၄ | +၂၁,၀၅၃.၁၂၆ | ၃၆,၉၅၇.၀၇၅ | ၁၀,၀၉၇.၁၇၄ | +၂၆,၈၅၉.၉၀၁ | ၁၁၁.၉၉% | ၈၄.၅၂% |
| | | စုစုပေါင်း | ၃၃,၀၀၀.၀၀၀ | ၁၁,၉၄၆.၈၇၄ | +၂၁,၀၅၃.၁၂၆ | ၃၆,၉၅၇.၀၇၅ | ၁၀,၀၉၇.၁၇၄ | +၂၆,၈၅၉.၉၀၁ | ၁၁၁.၉၉% | ၈၄.၅၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၃,၀၀၀.၀၀၀ | ၉.၃၉၁.၅၉၉ | +၂၃,၆၀၈.၄၀၁ | ၃၆,၉၅၆.၀၇၅ | ၉.၉၇၅.၉၃၉ | +၂၆,၉၈၀.၁၃၆ | ၁၁၁.၉၉% | ၁၀၆.၂၂% |
| | | စုစုပေါင်း | ၃၃,၀၀၀.၀၀၀ | ၉.၃၉၁.၅၉၉ | +၂၃,၆၀၈.၄၀၁ | ၃၆,၉၅၆.၀၇၅ | ၉.၉၇၅.၉၃၉ | +၂၆,၉၈၀.၁၃၆ | ၁၁၁.၉၉% | ၁၀၆.၂၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၂.၅၅၅.၂၃၅ | -၂.၅၅၅.၂၃၅ | | ၁၂၀.၂၄၅ | -၁၂၀.၂၄၅ | | ၄.၇၄% |
| | | စုစုပေါင်း | | ၂.၅၅၅.၂၃၅ | -၂.၅၅၅.၂၃၅ | | ၁၂၀.၂၄၅ | -၁၂၀.၂၄၅ | | ၄.၇၄% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၃၃,၀၀၀.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၆,၉၅၇.၀၇၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၁.၉၉ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လပတ် လျာထားချက် ကျပ် ၉,၃၉၁.၅၉၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉,၉၇၅.၉၃၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၂၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနများနှင့် အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင်ဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများနှင့် Advanced Excel ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံကြီးများ၊ ဆေးခန်းများ၊ တိုင်းရင်းဆေးကုသခန်းတို့ အတွက် သုံးစွဲရန်လိုအပ်သော ဆေးဝါးပစ္စည်းများဝယ်ယူခြင်း၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲများနှင့် အခြားအစည်းအဝေးပွဲများကျင်းပပြုလုပ်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လပတ် လျာထားချက် ကျပ် ၂,၅၅၅.၂၇၅ သန်း ဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၁၂၁.၂၃၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄.၇၄ ဖြစ်ပါသည်။ ငွေလုံး ငွေရင်းသုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင် တည်ဆောက်ရေးလုပ်ငန်းများမှာ လုပ်ငန်းအပ်နှံရန် စီစဉ်ဆောင်ရွက်နေခြင်း၊ ဆေးပစ္စည်းကိရိယာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းတွင် တင်ဒါခေါ်ယူ ဆောင်ရွက်ပြီး ပစ္စည်းပေးသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်း၊ ရုံးသုံးစက် ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် ရုံးသုံးယာဉ်များမှာ ပစ္စည်းပေးသွင်း နိုင်ရေးစီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်း ရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၂၉၆.၄၇၄ | ၅,၃၆၉.၁၉၃ | -၇၂.၇၁၉ | ၄,၅၃၀.၄၁၄ | ၂,၅၃၃.၃၂၄ | +၁,၉၉၈.၀၉၀ | ၈၅.၅၆% | ၄၇.၁၈% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၇၁,၃၈၉.၂၀၇ | ၃၇၆,၁၃၀.၁၅၁ | -၁၀၄,၇၄၀.၉၄၄ | ၁၂၉,၉၉၅.၁၅၆ | ၁၈၃,၅၄၈.၁၅၇ | -၅၃,၅၅၃.၀၀၁ | ၄၇.၉၀% | ၄၈.၈၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၈၈,၄၀၃.၆၄၈ | ၁၁၈,၄၀၁.၆၂၆ | -၂၉,၉၉၇.၉၇၈ | ၆၀,၅၃၉.၁၁၆ | ၁၀၈,၁၅၉.၉၇၀ | -၄၇,၆၂၀.၈၅၄ | ၆၈.၄၈% | ၉၁.၃၅% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၅၈၂,၉၁၆.၃၃၉ | ၁,၇၄၄,၄၈၀.၉၁၁ | -၁၆၁,၅၆၄.၅၇၂ | ၁,၉၇၉,၁၂၄.၃၀၇ | ၁,၅၉၈,၆၀၂.၂၉၉ | +၃၈၀,၅၂၂.၀၀၈ | ၁၂၅.၀၃% | ၉၁.၆၄% |
| | ၅ | စီမံကိန်းဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၁၅,၇၈၉.၉၉၆ | ၉၃,၂၁၄.၁၀၇ | -၇၇,၄၂၄.၁၁၁ | ၈,၂၇၄.၆၈၉ | ၈၀,၇၄၉.၃၄၂ | -၇၂,၄၇၄.၆၅၃ | ၅၂.၄၀% | ၈၆.၆၃% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၉၈,၈၅၇.၈၇၉ | ၂၂၈,၄၇၂.၆၇၀ | -၂၉,၆၁၄.၇၉၁ | ၁၈၀,၅၆၈.၂၄၀ | ၂၁၈,၈၅၈.၀၆၈ | -၃၈,၂၈၉.၈၂၈ | ၉၀.၈၀% | ၉၅.၇၉% |
| | | စုစုပေါင်း | ၂,၀၆၂,၆၅၃.၅၄၃ | ၂,၅၆၆,၀၆၈.၆၅၈ | -၅၀၃,၄၁၅.၁၁၅ | ၂,၃၆၃,၀၃၂.၉၂၂ | ၂,၁၉၂,၄၅၁.၀၆၀ | +၁၇၀,၅၈၁.၇၆၂ | ၁၀၉.၂၇% | ၈၅.၄၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၂၉၆.၄၇၄ | ၅,၂၃၃.၇၆၈ | +၆၂.၇၀၆ | ၄,၅၃၀.၇၀၄ | ၂,၅၁၁.၈၉၇ | +၂,၀၁၈.၈၀၇ | ၈၅.၅၄% | ၄၇.၉၉% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၈,၇၄၇.၀၄၅ | ၇၃,၄၉၀.၉၅၂ | -၄,၇၄၃.၉၀၇ | ၇၀,၃၀၉.၂၄၁ | ၆၂,၇၃၇.၁၂၇ | +၇,၅၇၂.၁၁၄ | ၁၀၂.၂၇% | ၈၅.၃၇% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၈၈,၄၀၃.၆၄၈ | ၁၁၆,၀၇၇.၈၀၇ | -၂၇,၆၇၄.၁၅၉ | ၆၀,၅၃၉.၁၁၆ | ၁၀၇,၇၃၂.၈၀၇ | -၄၇,၁၉၃.၆၉၁ | ၆၈.၄၈% | ၉၂.၈၁% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၅၁၈,၀၆၆.၃၀၇ | ၁,၅၃၄,၃၅၃.၂၂၇ | -၁၆,၂၈၆.၉၂၀ | ၁,၉၂၉,၅၉၆.၀၇၂ | ၁,၄၃၃,၈၀၄.၆၂၈ | +၄၉၅,၇၉၁.၄၄၄ | ၁၂၇.၁၁% | ၉၃.၄၅% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၁၅,၇၈၉.၉၉၆ | ၃၆,၄၃၃.၉၃၆ | -၂၀,၆၄၃.၉၄၀ | ၈,၂၅၁.၁၆၉ | ၂၉,၁၈၆.၄၅၅ | -၂၀,၉၃၅.၂၈၆ | ၅၂.၂၆% | ၈၀.၁၁% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၇၂,၀၂၅.၆၀၂ | ၁၈၃,၁၅၉.၅၀၃ | -၁၁,၁၃၃.၉၀၁ | ၁၂၈,၂၁၃.၉၈၉ | ၁၅၃,၄၃၈.၈၃၃ | -၂၅,၂၂၄.၈၄၄ | ၇၄.၅၃% | ၈၃.၇၇% |
| | | စုစုပေါင်း | ၁,၈၆၈,၃၂၉.၀၈၂ | ၁,၉၄၉,၇၀၉.၁၉၃ | -၈၁,၃၈၀.၁၁၁ | ၂,၂၀၂,၄၅၀.၂၉၀ | ၁,၇၈၉,၄၁၁.၇၄၇ | +၄၁၃,၀၃၈.၅၄၄ | ၁၁၇.၈၈% | ၉၁.၇၈% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၁၃၅.၄၂၅ | -၁၃၅.၄၂၅ | ၀.၇၁၀ | ၂၀.၄၂၇ | -၂၀.၇၁၇ | | ၁၅.၈၂% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၅,၀၂၇.၈၇၄ | ၂၃၉,၆၆၄.၅၄၇ | -၂၃၄,၆၃၆.၆၇၃ | ၁၁.၁၀၀ | ၇၃,၃၆၇.၈၆၈ | -၇၃,၃၅၆.၇၆၈ | ၀.၂၂% | ၃၀.၆၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | ၂,၃၆၃.၈၁၉ | -၂,၃၆၃.၈၁၉ | | ၄၂၇.၁၆၃ | -၄၂၇.၁၆၃ | | ၁၈.၀၇% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၅,၁၅၈.၂၈၁ | ၇၆,၂၆၅.၆၃၆ | -၆၁,၁၀၇.၃၅၅ | | ၅၁,၉၁၀.၃၄၄ | -၅၁,၉၁၀.၃၄၄ | | ၆၈.၀၇% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | | ၁၄,၂၉၅.၂၀၁ | -၁၄,၂၉၅.၂၀၁ | ၂၃.၅၂၀ | ၁၅,၅၆၂.၀၁၉ | -၁၅,၅၃၈.၄၉၉ | | ၁၀၈.၈၆% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၉၅၂.၄၂၄ | ၁၁,၃၉၇.၃၁၇ | -၉,၄၄၄.၈၉၃ | ၅.၂၆၅ | ၁,၄၈၄.၁၁၂ | -၁,၄၇၈.၈၄၇ | ၀.၂၇% | ၁၃.၀၂% |
| | | စုစုပေါင်း | ၂၂,၁၃၈.၇၃၉ | ၃၄၄,၁၂၀.၉၄၅ | -၃၂၁,၉၈၃.၃၆၆ | ၄၀.၅၉၅ | ၁၄၂,၇၇၂.၉၃၃ | -၁၄၂,၇၃၂.၃၃၈ | ၀.၁၈% | ၄၀.၄၉% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉၇,၆၀၄.၂၈၈ | ၆၂,၉၇၄.၆၅၂ | +၁၃၄,၆၃၉.၆၃၆ | ၅၈,၆၆၄.၈၁၅ | ၄၇,၄၃၃.၁၆၂ | +၁၁,၂၃၁.၆၅၃ | ၂၉.၆၉% | ၇၅.၃၂% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၄၉,၆၉၀.၇၄၁ | ၁၃၃,၈၆၂.၀၄၈ | -၈၄,၁၇၁.၃၀၇ | ၄၉.၅၂၈.၂၃၅ | ၁၁၂,၈၇၇.၃၂၇ | -၆၃,၃၄၉.၀၉၂ | ၉၉.၆၇% | ၈၄.၃၂% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | | ၄၁,၄၈၄.၉၇၀ | -၄၁,၄၈၄.၉၇၀ | | ၃၆,၀၀၀.၈၆၈ | -၃၆,၀၀၀.၈၆၈ | | ၈၆.၇၈% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၄.၈၇၉.၈၅၃ | ၃၃.၉၁၅.၈၅၀ | -၉.၀၃၅.၉၉၇ | ၅၂.၃၄၈.၉၈၆ | ၆၃.၉၃၅.၁၂၃ | -၁၁,၅၈၆.၁၃၇ | ၂၁၀.၄၁% | ၁၈၈.၅၁% |
| | | စုစုပေါင်း | ၂၇၂,၁၈၅.၈၈၂ | ၂၇၂,၂၃၇.၅၂၀ | -၅၁.၆၃၈ | ၁၆၀,၅၄၂.၀၃၆ | ၂၆၀,၂၄၆.၄၈၀ | -၉၉.၇၀၄.၄၄၄ | ၅၈.၉၈% | ၉၅.၆၀% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
## ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၁,၈၆၈,၃၂၉.၀၈၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၂,၂၀၂,၄၅၀.၂၉၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၇.၈၈ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၉၄၉,၇၀၉.၁၉၃ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၇၈၉,၄၃၁.၇၄၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၁.၇၈ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့မီးရထားတွင် လူစီးဝင်ငွေနှင့်ကုန်စည်ဝင်ငွေများပိုမိုရရှိခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် Myanmar DHL Co.LTD မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုရငွေများရရှိခြင်း၊ တယ်လီဖုန်းဘီလ်ပေးဝေ/ကောက်ခံခြင်းမှရငွေနှင့် မှတ်ပုံတင်စနစ်ဖြင့် စာတိုက်ဝန်ဆောင်မှုဆောင်ရွက်သည့်ကုမ္ပဏီများမှ နှစ်စဉ်ကြေးများရရှိခြင်းတို့ကြောင့်ပိုမိုရရှိခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ကမ်းလွန်ရေနံရှာဖွေရေးမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့်လေဆီများအား ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချရာတွင် သဘာဝဓာတ်ငွေ့ဘိုးများနှင့် ကုန်းတွင်းရေနံစိမ်းသဘာဝဓာတ်ငွေ့ရောင်းရငွေများမှာ ဒုတိယ(၃)လပတ်အတွင်းရရှိခြင်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် ၂၀၁၀-၂၀၁၁ မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အထိ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေများရရှိခဲ့ခြင်းတို့ကြောင့်ပိုမိုခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** **ပြန်ကြားရေးဝန်ကြီးဌာန**၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် သတင်းစာရောင်းရငွေနှင့် ကြော်ငြာခဝင်ငွေများ လျော့နည်းရရှိခြင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းတွင် ကြေးနီမက်ထရစ်တန်(၅၀၀၀) ရောင်းချခြင်းအတွက် ဒုတိယ(၃)လပတ်အတွင်း ငွေပေးသွင်းမှုမရှိသေးခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင်

ရွှေနှင့်သတ္တုများခန့်မှန်းထားသည်ထက် လျော့နည်းရောင်းချရခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် နှစ်လယ်ရတနာပြပွဲမှရရှိသည့် ဝန်ဆောင်ခ ၃% ရငွေ၊ ၂၅% အကျိုးတူကျောက် ရောင်းရငွေများ ခန့်မှန်းထားသည်ထက် လျော့နည်းရရှိခြင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသော ပုလဲရောင်းပွဲ(၁)ပွဲသာ ကျင်းပဖြစ်ခြင်း၊ မုတ်ခွံရောင်းပွဲမပြုလုပ်ဖြစ်ခြင်းနှင့် ငှားရမ်းခရငွေများမရရှိသေးခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန၊** အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းရှိ စက်ရုံများသည် လက်ကျန်ကုန်ချောများကိုသာ ရောင်းချရသဖြင့် ရငွေလျော့နည်းခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် အမှာစာရရှိမှုအပေါ်မူတည်၍ ထုတ်လုပ်ရောင်းချရခြင်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ပေးပို့ဆဲနှင့်ရောင်းချထားသောဆေးဝါးရောင်းရငွေများမရရှိသေးခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **(ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏** ရငွေများသည် ပထမ(၃)လပတ်တွင် ပိုမိုရရှိခဲ့သဖြင့် ဒုတိယ(၃)လပတ်တွင် လျော့နည်းရရှိခဲ့ခြင်းကြောင့် ရငွေလျော့နည်းခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** **ပြန်ကြားရေးဝန်ကြီးဌာန၊** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် နိုင်ငံခြားမှမှာယူထားသော ကုန်ကြမ်းပစ္စည်းများမရောက်ရှိသေးခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ထုတ်လုပ်မှုစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် အတိုးပေးငွေများလျော့နည်းသုံးစွဲခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန၊** အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတို့တွင် ထုတ်လုပ်မှုဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ၎င်းနှင့်ဆက်စပ်သော အသုံးစရိတ်များလျော့နည်းခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် ကုန်အမှာစာရရှိမှုအပေါ် ထုတ်လုပ်မှုဆောင်ရွက်ရသဖြင့် ထုတ်လုပ်မှုစရိတ်လျော့နည်းခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် ညွှန့်ခံစရိတ်များစိစစ်သုံးစွဲခြင်း၊ ကုန်ပစ္စည်းရောင်းချရငွေ လျော့နည်းသဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်မှုလျော့နည်းခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ပြည်ပမှကုန်ကြမ်းများဝယ်ယူရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊FDA သို့ လိုင်စင်ဖိုးပေးချေရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား တင်ပြထားဆဲဖြစ်ခြင်း၊ ပြည်ပသို့အတိုး

ပေးချေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းတို့ကြောင့် လျော့နည်းခြင်းနှင့် **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည်** ဒုတိယ(၃)လပတ်အတွင်း Covid-19 ကြောင့်ခရီးသွားလာမှုနည်းပါးခြင်း၊ ဓာတ်ဆီ၊ စက်ဆီဈေးနှုန်းကျဆင်းခြင်း၊အတိုးနှုန်းများပြင်ဆင်သတ်မှတ်ခဲ့၍ သုံးစွဲမှုလျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၂,၁၃၈.၅၇၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၀.၅၉၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၀.၁၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၃၄၄,၁၂၂.၉၄၅ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄၂,၇၇၂.၉၃၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၁.၄၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **ပြန်ကြားရေးဝန်ကြီးဌာန**၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ရငွေလျာထားချက်မရှိသော်လည်း စာရင်းစစ်ကန့်ကွက်ချက်အရ ခြံစည်းရိုးကာရန်ခြင်းနှင့် ကားဂိုဒေါင်ဆောက်လုပ်ခြင်းအတွက် ပိုထုတ်ငွေပြန်လည်ပေးသွင်းခဲ့ခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာနတွင်** ရငွေလျာထားချက်မရှိသော်လည်း အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် ပျက်စီးယိုယွင်းနေသောလူနေအဆောက်အဦ(၉)လုံး လေလံတင်ရောင်းချခြင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် ပျက်စီးယိုယွင်းနေသော တောင်ပေါ်ယာဉ်ရပ်နားစခန်း၏ လက်ကျန်တန်ဖိုးငွေအားကုမ္ပဏီထံမှရရှိခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် သိုလှောင်ရုံ(၂)လုံးနှင့် ဂိုဒေါင်(၁)လုံး ဆယ်တင်ရောင်းချခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံ JICS (Japan International Cooperation System) အကူအညီဖြင့်ဆောင်ရွက်သည့် စက်ပစ္စည်းဝယ်ယူခြင်း(Grant) အတွက် Agent Fee နှင့် Consultant Fee တို့အား ဒုတိယ(၃)လပတ်အတွင်း တောင်းခံမှုမရှိ၍လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ဂျပန်နိုင်ငံ Grant ဖြင့် ဆောင်ရွက်သော မြန်အောင်

23MW Gas Engineဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် ပစ္စည်းများမရောက်ရှိသေးခြင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် KfW Grant ဖြင့်ဆောင်ရွက်မည့် အကြံပေးငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူရန် လိုအပ်သော Design Technical Specification, BQ နှင့် Bidding Document များပြင်ဆင်ဆောင်ရွက်ဆဲဖြစ်သဖြင့် စာချုပ်တန်ဖိုး၏ ၂၀% ကို မပေးချေနိုင်သေးခြင်းကြောင့်လျော့နည်းခြင်း၊ (ယခင်)**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**၊ မြန်မာ့စီးပွားရေးဘဏ်တွင် ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် Mini Data Center အတွက် ပစ္စည်းရောက်ရှိမှုရာခိုင်နှုန်းအလိုက် ငွေပေးချေရခြင်း၊ Software ဝယ်ယူရန်အတွက် ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** (ယခင်) **စက်မှုဝန်ကြီးဌာန**၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ Danieli Co.,Ltd သို့ပေးချေရမည့် Interest on late payment အတွက် အထွေထွေပိုလျှံရန်ပုံငွေ (GRF) မှ ပြန်လည်တောင်းခံသုံးစွဲထားခြင်းကြောင့်ပိုမိုသုံးစွဲခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **ပြန်ကြားရေးဝန်ကြီးဌာန**၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် ရုံးသုံးစက်ပစ္စည်းများရောက်ရှိသော်လည်း စမ်းသပ်စစ်ဆေးလက်ခံဆောင်ရွက်နေခြင်းကြောင့် ငွေမပေးချေရသေးခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဆောက်လုပ်ရေးလုပ်ငန်းအချို့မှာ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ ပစ္စည်းဝယ်ယူရာတွင် တင်ဒါဈေးနှုန်းလျော့နည်းခဲ့ခြင်း၊ မြန်မာ့မီးရထားတွင် အချို့လုပ်ငန်းများမှာ တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် အချို့ပစ္စည်းများအတွက် ငွေပေးချေရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် လုပ်ငန်းသုံးယာဉ်များ အကြီးစားပြင်ဆင်ခြင်းအတွက် ခွင့်ပြုချက်တောင်းခံထားဆဲဖြစ်ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA ချေးငွေဖြင့်ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များအဆင့်မြှင့်တင်မှု စီမံကိန်းအတွက် ဒီဇိုင်းအတည်ပြုခြင်းနှင့် ပစ္စည်းတင်သွင်းခြင်းလုပ်ငန်းများ နှောင့်နှေးနေပါသဖြင့် ပစ္စည်းများဝယ်ယူနိုင်မှုမရှိသေးခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် ဆောက်လုပ်

ရေးလုပ်ငန်းအချို့ ၁၀၀ ရာခိုင်နှုန်းပြီးစီးသော်လည်း အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ အတည်ပြုချက်မရရှိသေးသဖြင့် ငွေပေးချေနိုင်မှုမရှိသေးခြင်းနှင့် အချို့ဆောက်လုပ်ရေးလုပ်ငန်းများမှာ အပြည့်အဝပြီးစီးမှုမရှိ၍ ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ စက်ကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်းလုပ်ငန်းတွင် ဝယ်ယူရေးစာချုပ်ချုပ်ဆိုခြင်းသာဆောင်ရွက်နိုင်ခြင်း၊ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊** မြန်မာ့သစ်လုပ်ငန်းတွင် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် Vault Room တည်ဆောက်ရန်တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ Speed Boat ဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆိုရန်ပြင်ဆင်ဆဲဖြစ်ခြင်း၊ မွေးမြူရေးမှုးနေအိမ်၊ ညှော့ရိပ်သာဆောင်(၂)လုံး၏ အကြီးစားပြင်ဆင်မှုအတွက် (၂၅%) သာပေးချေခဲ့ခြင်း၊ ရုံးသုံးစက်ပစ္စည်းများမှာ ဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊** လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် မဟာဗျူဟာမြောက်လုပ်ငန်းများဖြစ်သည့် ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက် တာဝါတိုင်ဝယ်ယူရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်းနှင့် ဓာတ်အားလိုင်းတည်ဆောက်ရန် Survey တိုင်းတာခြင်းလုပ်ငန်းအား တင်ဒါဝင်ရောက်ယှဉ်ပြိုင်သူမရှိခြင်း၊ ထရန်စဖော်မာ၊ ဓာတ်အားလိုင်းနှင့် ခွဲရုံပစ္စည်းများမှာ တတိယ(၃)လပတ်မှသာ ပစ္စည်းများရောက်ရှိမည်ဖြစ်ခြင်း၊ ကွန်ကရစ်တိုင် တင်ဒါများမှာ တင်ဒါအောင်မြင်မှုမရှိသဖြင့် ပြန်လည်ခေါ်ယူနေဆဲဖြစ်ခြင်း၊ ရုံးသုံးစက်ကိရိယာပစ္စည်းများမှာ တင်ဒါခေါ်ယူထားဆဲဖြစ်ခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းများအား အနည်းငယ်သာဆောင်ရွက်နိုင်သေးခြင်းနှင့် စက်ပစ္စည်းများဝယ်ယူရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့်အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့၏ တည်ဆောက်ရေးလုပ်ငန်းများအား သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရမှ တင်ဒါခေါ်ယူတည်ဆောက်ခဲ့ရာလုပ်ငန်းပြီးစီးမှု ၂၅% အတွက် ငွေပေးချေခွင့်ရရှိရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်း

ရောင်းဝယ်ရေးလုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် တင်ဒါစိစစ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ခြင်း၊ (ယခင်) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင်** ဆောက်လုပ်ရေးလုပ်ငန်းများအတွက် Soil Test စစ်ဆေးမှုများပြုလုပ်နေဆဲဖြစ်ခြင်း၊ နိုင်ငံခြားမှဝယ်ယူမည့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်နေခြင်း၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုရန်ဆောင်ရွက်နေခြင်း၊ Core Banking and Trade Finance System စတင်အသုံးပြုရန်အတွက် Software များဝယ်ယူရန် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် ညှိနှိုင်းဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၇၂,၁၈၅.၈၈၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆၀,၅၄၂.၀၃၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၈.၉၈ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၇၂,၂၃၇.၅၂၀သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၆၀,၂၄၆.၄၈၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၆၀ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** (ယခင်) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**၊ မြန်မာ့စီးပွားရေးဘဏ်**တွင်** ODA Phase II အတွက် JICA မှ ချေးငွေများရရှိခြင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် JICA Two Step Loan ချေးငွေဖြင့် တောင်သူလယ်သမားများသို့ ချေးငွေများ ပိုမိုထုတ်ချေးခြင်းကြောင့်ပိုမိုခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့ပစ္စည်းများအတွက် ငွေပေးချေရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA ချေးငွေဖြင့် ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်မှု စီမံကိန်းအတွက် ဒီဇိုင်းအတည်ပြုခြင်းနှင့် ပစ္စည်းတင်သွင်းနိုင်မှုများနောက်ကျနေခြင်းတို့ကြောင့် လျော့နည်းခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊** မြန်မာ့စီးပွားရေးဘဏ်တွင် ODA Phase II မှ ချေးငွေများ လျှောက်ထားမှုများပြားလာခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူများ၏ ချေးငွေအဆိုပြုလွှာများပိုမိုလာ၍ ထုတ်ချေးငွေများပြားလာခြင်းတို့ကြောင့်ပိုမိုခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် တရုတ်ချေးငွေ၊ အိန္ဒိယချေးငွေနှင့် ပြင်သစ်ချေးငွေတို့အတွက် အရင်းပေးဆပ်ရန် လျာထားခဲ့သော်လည်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဘဏ်မြီစားလွှာမရရှိသေးပါသဖြင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊** လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ရဲရွာဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် ဒုတိယ(၃)လပတ်တွင် ပေးချေရမည့် အရင်းငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အကြောင်းကြားချက်အရ ပထမ(၃)လပတ်တွင် ပေးချေခဲ့ရခြင်းကြောင့် လျော့နည်းခြင်း၊ **(ယခင်)စက်မှုဝန်ကြီးဌာန၊** အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် ပြည်ပသို့အရင်းပေးဆပ်ရာ၌ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် လျော့နည်းခြင်း။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဒုတိယ(၃)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ရငွေပိုင်းတွင်** သာမန်ရငွေရရှိမှု ၁၁၇.၈၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၀.၁၈ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၈.၉၈ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၁၀၉.၂၇ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေတွင် အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတို့တွင် အနီးစပ်ဆုံးလျာထားရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) **သုံးငွေပိုင်းတွင်** သာမန်အသုံးစရိတ် ၉၁.၇၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၄၁.၄၉ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၉၅.၆၀ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၅.၄၄ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့တွင် အနီးစပ်ဆုံးအကောင်အထည် ဖော်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ပြည့်မီရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈၈,၉၃၈,၂၁၇ | ၇၇,၀၅၉,၅၁၅ | +၁၁,၈၇၈,၇၀၂ | ၁၀၂,၁၄၁,၄၆၈ | ၁၀၄,၄၄၉,၆၇၁ | -၂,၃၀၈,၂၀၃ | ၁၁၄.၈၅% | ၁၃၅.၅၄% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၅၈,၅၇၄,၂၉၄ | ၄၄၀,၁၈၉,၆၄၆ | +၁၈,၃၈၄,၆၄၈ | ၃၇၄,၇၃၅,၇၄၃ | ၃၄၈,၂၉၁,၆၁၁ | +၂၆,၄၄၄,၁၃၂ | ၈၁.၇၂% | ၇၉.၁၂% |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၀၈,၈၄၅,၆၄၅ | ၃၀၄,၇၄၄,၄၁၉ | +၄,၁၀၁,၂၂၆ | ၂၇၇,၀၆၃,၉၁၅ | ၂၅၅,၇၄၂,၆၂၆ | +၂၀,၃၂၀,၃၂၉ | ၈၉.၇၀% | ၈၃.၉၂% |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၄၉,၇၂၈,၆၄၉ | ၁၃၅,၄၄၅,၂၂၇ | +၁၄,၂၈၃,၄၂၂ | ၉၇,၆၇၁,၇၈၈ | ၉၂,၅၄၈,၉၈၅ | +၅,၁၂၂,၈၀၃ | ၆၅.၂၃% | ၆၈.၃၃% |
| | စုစုပေါင်း | ၅၄၇,၅၁၂,၅၁၁ | ၅၁၇,၂၄၉,၀၆၁ | +၃၀,၂၆၃,၄၅၀ | ၄၇၆,၈၇၇,၂၁၁ | ၄၅၂,၇၄၁,၂၈၂ | +၂၄,၁၃၅,၉၂၉ | ၈၇.၀၀% | ၈၇.၅၃% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၇,၁၅၄.၀၀၄ | ၆၂,၉၇၇.၀၂၅ | +၁၄,၂၁၆.၉၇၉ | ၆၉,၈၉၅.၃၈၈ | ၆၅,၈၅၂.၄၈၀ | +၄,၀၄၂.၉၀၈ | ၉၀.၅၉% | ၁၀၄.၆၃% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၅၁,၄၂၆.၆၀၃ | ၄၂၈,၂၉၇.၉၀၄ | +၂၃,၁၂၈.၆၈၉ | ၃၇၂,၀၃၅.၇၁၈ | ၃၄၅,၄၉၃.၀၅၇ | +၂၆,၅၄၂.၆၆၀ | ၈၂.၄၀% | ၈၀.၆၇% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၀၅,၅၇၆.၆၀၃ | ၂၉၇,၅၁၅.၂၆၄ | +၈,၀၆၀.၃၃၉ | ၂၇၅,၀၃၀.၆၄၀ | ၂၅၄,၀၆၇.၀၅၄ | +၂၀,၉၆၃.၅၈၆ | ၉၀.၀၀% | ၈၅.၄၀% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၄၅,၈၅၀.၀၀၀ | ၁၃၀,၇၈၂.၆၅၀ | +၁၅,၀၆၇.၃၅၀ | ၉၇,၀၀၅.၀၇၈ | ၉၁,၄၂၆.၀၀၃ | +၅,၅၇၉.၀၇၅ | ၆၆.၅၀% | ၆၉.၉၀% |
| | | စုစုပေါင်း | ၅၂၈,၅၈၀.၆၀၇ | ၄၉၁,၂၇၄.၉၂၉ | +၃၇,၃၄၅.၆၆၈ | ၄၄၁,၉၃၁.၁၀၆ | ၄၁၁,၃၄၅.၅၃၇ | +၃၀,၅၈၅.၅၆၈ | ၈၃.၆၀% | ၈၃.၇၄% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁,၇၂၃.၇၁၃ | ၁၀,၅၃၀.၅၇၀ | -၈,၈၀၆.၈၅၇ | | ၁၅,၅၀၆.၂၉၉ | -၁၅,၅၀၆.၂၉၉ | | ၁၄၇.၂၅% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၁၁,၈၉၁.၇၃၂ | -၁၁,၈၉၁.၇၃၂ | ၆၃၀.၀၀၀ | ၂,၇၉၈.၅၅၄ | -၂,၁၆၈.၅၅၄ | | ၂၃.၅၃% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၇,၂၂၉.၀၅၅ | -၇,၂၂၉.၀၅၅ | ၆၃၀.၀၀၀ | ၁,၆၇၅.၇၃၂ | -၁,၀၄၅.၇၃၂ | | ၂၃.၁၈% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၄,၆၆၂.၆၇၇ | -၄,၆၆၂.၆၇၇ | | ၁,၁၂၂.၈၂၂ | -၁,၁၂၂.၈၂၂ | | ၂၄.၀၈% |
| | | စုစုပေါင်း | ၁,၇၂၃.၇၁၃ | ၂၂,၄၂၂.၃၀၂ | -၂၀,၆၉၈.၅၈၉ | ၆၃၀.၀၀၀ | ၁၈,၃၀၄.၈၅၃ | - ၁၇,၆၇၄.၈၅၃ | ၃၆.၅၅% | ၈၁.၆၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၀,၀၆၀.၄၀၀ | ၃,၅၉၁.၈၂၀ | +၆,၄၆၈.၅၈၀ | ၃၂,၂၄၆.၀၈၀ | ၂၃,၀၉၀.၈၉၂ | +၉,၁၅၅.၁၈၈ | ၃၂၀.၅၂% | ၆၄၂.၈၃% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၇,၁၄၇.၆၉၁ | | +၇,၁၄၇.၆၉၁ | ၂,၀၇၀.၀၂၅ | | +၂၀၇၀.၀၂၅ | ၂၈.၉၆% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃,၂၆၉.၀၄၂ | | +၃,၂၆၉.၀၄၂ | ၁၄၀၃.၃၁၅ | | +၁,၄၀၃.၃၁၅ | ၄၂.၉၃% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃,၈၇၈.၆၄၉ | | +၃,၈၇၈.၆၄၉ | ၆၆၆.၇၁၀ | | +၆၆၆.၇၁၀ | ၁၇.၁၉% | |
| | | စုစုပေါင်း | ၁၇,၂၀၈.၀၉၁ | ၃,၅၉၁.၈၂၀ | +၁၃,၆၁၆.၂၇၁ | ၃၄,၃၁၆.၁၀၅ | ၂၃,၀၉၀.၈၉၂ | +၁၁,၂၂၅.၂၁၃ | ၁၉၉.၄၂% | ၆၄၂.၈၃% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၅၈,၅၈၀.၇၀၇ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၄၁,၉၃၁.၁၀၆ သန်း၊ ရာခိုင်နှုန်း ၈၃.၆၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၄၉၁,၂၃၅.၀၃၉ သန်း၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၄၁၁,၃၄၅.၅၃၇ သန်း၊ ရာခိုင်နှုန်း ၈၃.၇၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** စက်ရုံများ၏ စက်မှုသုံးဓာတ်အားသုံးစွဲမှုလျော့နည်းသောကြောင့် ဓာတ်အားရောင်းရငွေ လျော့နည်းခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဓာတ်အားယူနစ်များ လျော့နည်းပို့လွှတ်ခဲ့ခြင်းကြောင့် လျှပ်စစ်ယူနစ်များ လျော့နည်းရောင်းချရသဖြင့် ရငွေလျော့နည်းရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ကုန်ကြမ်းဝယ်ယူခြင်း၌ စက်သုံးဆီဝယ်ယူမှုများပြားခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှုစရိတ်တွင် ရေယာဉ်များ ပြင်ဆင်မှုပြုလုပ်ခြင်း၊ ထုတ်လုပ်မှုစရိတ်တွင် လျှပ်စစ်မီးနှင့်ဓါတ်အားခများ ပိုမိုပေးချေရခြင်း၊ စီမံစရိတ်တွင် Covid-19 အတွက် အကာအကွယ်ဆေးပစ္စည်းများဝယ်ယူရခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် ထပ်မံငှားရမ်းသုံးစွဲသော လေယာဉ်(၂)စီးအတွက် ကုန်ကြမ်းဝယ်ယူခြင်းနှင့် ထုတ်လုပ်မှုစရိတ်တို့တွင် ပိုမိုသုံးစွဲခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** ဓာတ်အားဝယ်ယူစရိတ်၌ လျာထားယူနစ်ထက် အမှန်ပို့လွှတ်သည့် ယူနစ်လျော့နည်းခြင်းကြောင့် အသုံးစရိတ်လျော့နည်းခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကို ၁/၂၀၂၀ အထိသာပေးချေခဲ့ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၇၂၃.၇၁၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၃၀.၀၀၀ သန်း၊ ရာခိုင်နှုန်း ၃၆.၅၅ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၂၂,၄၂၂.၃၀၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၃၀၄.၈၅၃ သန်း၊ ရာခိုင်နှုန်း ၈၁.၆၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** ရငွေလျာထားချက်မရှိသော်လည်း ဆယ်တင်ကြိုးဟောင်းများ ရောင်းချခြင်းမှရငွေများ ရရှိခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ပြည်ပအကူအညီရငွေတွင် JICA Grant Aid လုပ်ငန်းစဉ်အရ JICA မှ စိစစ်စစ်ဆေးမှုများ ဆောင်ရွက်နေဆဲဖြစ်၍ မရရှိသေးခြင်းကြောင့် ရငွေလျော့နည်းခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့်ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများ၊ သောင်တူးလုပ်ငန်းအား ဆောင်ရွက်ပြီးစီးမှုအပေါ်မူတည်၍ ငွေပေးချေမှုပြုလုပ်ရခြင်း၊ ပစ္စည်းဝယ်ယူမှုနှင့် TUG(၂)စီးဝယ်ယူမှုများမှာလည်း Payment စည်းကမ်းအတိုင်းပေးချေရခြင်း၊ အချို့လုပ်ငန်းများမှာ စာချုပ်စည်းကမ်းအရပြီးစီးမှုရာခိုင်နှုန်းနှင့်အညီ ပေးချေရခြင်းတို့ကြောင့် ပိုမိုခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** ပစ္စည်းဝယ်ယူရေးစာချုပ်များ ချုပ်ဆိုပြီးဖြစ်သော်လည်း ပစ္စည်းများမရောက်ရှိသေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ခွင့်ပြုမိန့်များရရှိအောင် ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူရန် စုပေါင်းတင်ဒါခေါ်ယူခဲ့ပြီး စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁၇,၂၀၈.၀၉၁ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၄,၃၁၆.၁၀၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၉၉.၄၂ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၃,၅၉၁.၈၂၀ သန်း၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၂၃,၀၉၀.၈၉၂ သန်း၊ ရာခိုင်နှုန်း ၆၄၂.၈၇ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA loan ဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းများမှာ လုပ်ငန်းပြီးစီးမှုအလိုက် JICA မှ Guide Line နှင့်အညီပေးချေရခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းသည် ပထမ(၃)လပတ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ ချေးငွေအား ရရှိရန်လျာထားသော်လည်း ဒုတိယ(၃) လပတ်ရောက်ရှိမှသာ ရရှိခဲ့ခြင်းတို့ကြောင့် ပိုမိုခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် JICA ODA ချေးငွေဖြင့် ဆောင်ရွက်သည့် ရန်ကုန်မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေး စီမံကိန်းအဆင့်(၁)အတွက် အကြံပေးဝန်ဆောင်မှုလုပ်ငန်းအတွက် ငွေတောင်းခံလွှာများကို စိစစ်ဆောင်ရွက်ဆဲဖြစ်၍ ငွေပေးချေနိုင်မှုမရှိခြင်းနှင့် World Bank ချေးငွေဖြင့်ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းအတွက် ငွေတောင်းခံလွှာများ စိစစ်ဆဲဖြစ်ခြင်း၊ Contractor များမှ ငွေတောင်းခံလွှာများ တင်ပြလာမှုမရှိသေးခြင်း၊ ပေးသွင်းပြီးပစ္စည်းများအတွက် Invoice များကို ငွေပေးချေနိုင်ရန် စိစစ်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မြန်မာအမျိုးသားလေကြောင်းသို့ ထုတ်ချေးငွေအား ပထမ(၃)လပတ်တွင် ထုတ်ချေးရန်လျာထားခဲ့သော်လည်း ဒုတိယ(၃) လပတ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုချက်ရရှိ၍ ထုတ်ချေးရခြင်းတို့ကြောင့် ပိုမိုခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၁.၁၄၉ | ၃၃၉.၈၃၁ | +၄၁.၃၁၈ | ၆၁၀.၂၂၆ | ၃၀၅.၅၇၂ | +၃၀၄.၆၅၄ | ၁၆၀.၁၀% | ၈၉.၉၂% |
| | စုစုပေါင်း | ၃၈၁.၁၄၉ | ၃၃၉.၈၃၁ | +၄၁.၃၁၈ | ၆၁၀.၂၂၆ | ၃၀၅.၅၇၂ | +၃၀၄.၆၅၄ | ၁၆၀.၁၀% | ၈၉.၉၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၀.၁၄၉ | ၃၃၉.၈၃၁ | +၄၀.၃၁၈ | ၆၁၀.၂၂၆ | ၃၀၅.၅၇၂ | +၃၀၄.၆၅၄ | ၁၆၀.၀၀% | ၈၉.၉၂% |
| | စုစုပေါင်း | ၃၈၀.၁၄၉ | ၃၃၉.၈၃၁ | +၄၀.၃၁၈ | ၆၁၀.၂၂၆ | ၃၀၅.၅၇၂ | +၃၀၄.၆၅၄ | ၁၆၀.၀၀% | ၈၉.၉၂% |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃၈၁.၁၄၉ သန်းဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၆၁၀.၂၂၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆၀.၁၀ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၃၃၉.၈၃၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀၅.၅၇၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၉.၉၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အိမ်ခွန်၊ မြေခွန်၊ အမှိုက်ခွန်နှင့် ယာဉ်ရပ်နားခများ ပိုမိုရရှိခြင်း၊ တပ်နယ်များ၏နယ်နိမိတ်အတွင်းနှင့် တပ်နယ်စျေးများအတွင်း အမှိုက်သိမ်းဆည်းခ၊ ဆိုင်ခွန်ဆိုင်ခ၊ ပစ္စည်းခွန် လိုင်စင်ခ၊ စျေးကောက်ခ၊ ဒဏ်ငွေများပိုမိုရရှိခြင်းကြောင့်ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းများခန့်အပ်နိုင်မှုမရှိခြင်း၊ ရုံး အမှုထမ်းများ ရုံးကိစ္စဖြင့်ခရီးသွားလာမှုနည်းပါးခြင်း၊ စျေး၊ ရုံးနှင့် သားသတ်ရုံ အဆောက်အဦများ၊ စစ်သင်္ချိုင်း၊ မီးသတ်ဂြိုလ်စက်များပြုပြင်မှုနည်းပါးခြင်းနှင့် ဧည့်ခံကျွေးမွေးစရိတ်များမသုံးစွဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၂၈.၂၅၄ | ၂၆,၆၄၄.၆၆၄ | -၂၆,၆၁၆.၄၁၀ | ၄၈.၄၄၂ | ၃၃,၁၃၄.၃၃၉ | -၃၃,၀၈၅.၈၉၇ | ၁၇၁.၄၅% | ၁၂၄.၃၆% |
| | စုစုပေါင်း | ၂၈.၂၅၄ | ၂၆,၆၄၄.၆၆၄ | -၂၆,၆၁၆.၄၁၀ | ၄၈.၄၄၂ | ၃၃,၁၃၄.၃၃၉ | -၃၃,၀၈၅.၈၉၇ | ၁၇၁.၄၅% | ၁၂၄.၃၆% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၂၈.၂၅၄ | ၉၅၈.၁၃၆ | -၉၂၉.၈၈၂ | ၄၈.၄၄၂ | ၃၂၆.၁၁၈ | -၂၇၇.၆၇၆ | ၁၇၁.၄၅% | ၃၄.၀၄% |
| | စုစုပေါင်း | ၂၈.၂၅၄ | ၉၅၈.၁၃၆ | -၉၂၉.၈၈၂ | ၄၈.၄၄၂ | ၃၂၆.၁၁၈ | -၂၇၇.၆၇၆ | ၁၇၁.၄၅% | ၃၄.၀၄% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၂၅,၆၈၆.၅၂၈ | -၂၅,၆၈၆.၅၂၈ | | ၃၂,၈၀၈.၂၂၀ | -၃၂,၈၀၈.၂၂၀ | | ၁၂၇.၇၃% |
| | စုစုပေါင်း | | ၂၅,၆၈၆.၅၂၈ | -၂၅,၆၈၆.၅၂၈ | | ၃၂,၈၀၈.၂၂၀ | -၃၂,၈၀၈.၂၂၀ | | ၁၂၇.၇၃% |

**နေပြည်တော်ကောင်စီ၏**
**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်**
**အကောင်အထည်ဖော်နိုင်မှုအခြေအနေ**

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ်၂၈.၂၅၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၈.၄၄၂ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၇၁.၄၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၉၅၈.၁၃၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂၆.၁၁၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၄.၀၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တင်ဒါရောင်းချရငွေများ၊ လယ်ယာမြေဥပဒေအရ ဒဏ်ကြေးများရရှိခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်(၅)ဦးတို့၏ စရိတ်ချီးမြှင့်ငွေများ၊ ကိုယ်ရေးအရာရှိများ၏လစာများ၊ ကောင်စီဝင်များ၏ နေ့တွက်စရိတ်များအတွက်ခန့်မှန်းလျာထားခဲ့သော်လည်း နေ့တွက်စရိတ်မှာ ဒေသဖွံ့ဖြိုးရေး အမှန်တကယ်ကွင်းဆင်းဆောင်ရွက်ခဲ့သော နေ့ရက်များ အတွက်သာ ထုတ်ယူခဲ့ခြင်း၊ နိုင်ငံခြားခရီးသွားရောက်မှုမရှိခြင်း၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ ဖုန်းနှင့် လျှပ်စစ်ဓါတ်အားခများတွင် ကုန်ကျငွေလျော့နည်းခြင်း တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၅,၆၈၆.၅၂၈ သန်း ဖြစ်ပြီး အကောင် အထည်ဖော်နိုင်မှု ကျပ် ၃၂,၈၀၈.၂၂၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၇.၇၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိ ရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်လျက် ရှိသောလုပ်ငန်းများအတွက် ဒုတိယ(၃)လပတ်အတွင်းမှသာ ပေးချေရခြင်း ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၉၆,၉၉၀.၄၉၅ | ၄၀,၈၇၀.၅၅၆ | +၁၅၆,၁၁၉.၉၃၉ | ၂၄၂,၂၄၇.၁၈၃ | ၅၂,၄၆၃.၉၇၇ | +၁၈၉,၇၈၃.၂၀၆ | ၁၂၂.၉၇% | ၁၂၈.၃၇% |
| | စုစုပေါင်း | ၁၉၆,၉၉၀.၄၉၅ | ၄၀,၈၇၀.၅၅၆ | +၁၅၆,၁၁၉.၉၃၉ | ၂၄၂,၂၄၇.၁၈၃ | ၅၂,၄၆၃.၉၇၇ | +၁၈၉,၇၈၃.၂၀၆ | ၁၂၂.၉၇% | ၁၂၈.၃၇% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေသုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၉၄,၀၃၄.၁၆၂ | ၄၀,၀၇၃.၆၄၇ | +၁၅၃,၉၆၀.၅၁၅ | ၂၃၅,၉၇၈.၀၂၇ | ၄၆,၂၉၀.၅၉၁ | +၁၈၉,၆၈၆.၄၃၆ | ၁၂၁.၆၂% | ၁၁၅.၅၂% |
| | စုစုပေါင်း | ၁၉၄,၀၃၄.၁၆၂ | ၄၀,၀၇၃.၆၄၇ | +၁၅၃,၉၆၀.၅၁၅ | ၂၃၅,၉၇၈.၀၂၇ | ၄၆,၂၉၀.၅၉၁ | +၁၈၉,၆၈၆.၄၃၆ | ၁၂၁.၆၂% | ၁၁၅.၅၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | ၇၉၆.၉၀၉ | -၇၉၆.၉၀၉ | ၆,၁၃၆.၆၈၆ | ၆,၁၇၂.၃၈၆ | -၃၅.၇၀၀ | | ၇၇၄.၅၄% |
| | စုစုပေါင်း | | ၇၉၆.၉၀၉ | -၇၉၆.၉၀၉ | ၆,၁၃၆.၆၈၆ | ၆,၁၇၂.၃၈၆ | -၃၅.၇၀၀ | | ၇၇၄.၅၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေသုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂.၉၅၆.၃၃၃ | | +၂.၉၅၆.၃၃၃ | ၁၃၂.၄၇၀ | | +၁၃၂.၄၇၀ | ၄.၄၈% | |
| | စုစုပေါင်း | ၂.၉၅၆.၃၃၃ | | +၂.၉၅၆.၃၃၃ | ၁၃၂.၄၇၀ | | +၁၃၂.၄၇၀ | ၄.၄၈% | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
## ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁၉၄,၀၃၄.၁၆၂ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၃၅,၉၇၈.၀၂၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၁.၆၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၄၀,၀၇၃.၆၄၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၆,၂၉၁.၅၉၁ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၅.၅၂ ဖြစ်ပါသည်။ သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်–

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ချေးငွေစိုက်ထုတ်ပေးသည့်စနစ်ဖြင့်ချေးငွေနှင့် ကြိုတင်ထုတ်ပေးငွေပေါ် အတိုးရငွေတွင် လျာထားချက်ထက် ပိုမိုရရှိခဲ့ခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ငွေစက္ကူရိုက်နှိပ်ခနှင့်ဘဏ္ဍာငွေသယ်ယူပို့ဆောင်စရိတ်များကို ဒုတိယ(၃)လပတ်ရောက်ရှိမှသာပေးချေရခြင်း၊ ဌာနဆိုင်ရာအစည်းအဝေးများနှင့် အခမ်းအနားများ ပိုမိုကျင်းပခြင်းတို့ကြောင့် ပိုမိုခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၁၃၆.၆၈၆ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၇၉၆.၉၀၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၁၇၂.၃၈၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၇၄.၅၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်–

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့်ဆောင်ရွက်မည့် The Project for the Development of Financial Market Infrastructures အတွက်ပထမ(၃)လပတ်တွင် လျာထားခဲ့သော်လည်း ဒုတိယ(၃)လပတ်ရောက်ရှိမှသာ ရရှိခဲ့ခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** JICA Grant Aid Project တွင် အသုံးပြုမည့်ပစ္စည်းများအတွက် ဒုတိယ(၃)လပတ်မှသာ ငွေပေးချေနိုင်သဖြင့်ပိုမိုခြင်း။

(ဂ) **ကြွေးမြီရငွေသုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ (၃)လပတ် လျာထားချက် ကျပ် ၂,၉၅၆.၃၃၃ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃၂.၄၇၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄.၄၈ ဖြစ်ပါသည်။ ကြွေးမြီရငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ကြွေးမြီရငွေတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်မည့် FSDP Project အတွက် ချေးငွေအပြည့်အဝထုတ်ယူနိုင်မှုမရှိခြင်းကြောင့် လျော့နည်းခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၆,၈၆၇.၈၈၄ | ၁၃,၉၇၃.၂၃၄ | -၇,၁၀၅.၃၅၀ | ၈,၀၀၉.၂၂၆ | ၁၀,၇၀၆.၅၁၉ | -၂,၆၉၇.၂၉၃ | ၁၁၆.၆၂% | ၇၆.၆၂% |
| | စုစုပေါင်း | ၆,၈၆၇.၈၈၄ | ၁၃,၉၇၃.၂၃၄ | -၇,၁၀၅.၃၅၀ | ၈,၀၀၉.၂၂၆ | ၁၀,၇၀၆.၅၁၉ | -၂,၆၉၇.၂၉၃ | ၁၁၆.၆၂% | ၇၆.၆၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၆,၈၅၇.၁၃၄ | ၁၀,၆၀၁.၅၈၄ | -၃,၇၄၄.၄၅၀ | ၇.၉၈၉.၀၃၄ | ၉.၃၁၉.၅၁၃ | -၁,၃၃၀.၄၇၉ | ၁၁၆.၅၀% | ၈၇.၉၀% |
| | စုစုပေါင်း | ၆,၈၅၇.၁၃၄ | ၁၀,၆၀၁.၅၈၄ | -၃,၇၄၄.၄၅၀ | ၇.၉၈၉.၀၃၄ | ၉.၃၁၉.၅၁၃ | -၁,၃၃၀.၄၇၉ | ၁၁၆.၅၀% | ၈၇.၉၀% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ဒုတိယ (၃) လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁၀.၇၅၀ | ၃,၃၇၁.၆၅၀ | -၃,၃၆၀.၉၀၀ | ၂၀.၁၉၂ | ၁,၃၈၇.၀၀၆ | -၁,၃၆၆.၈၁၄ | ၁၈၇.၈၃% | ၄၁.၁၄% |
| | စုစုပေါင်း | ၁၀.၇၅၀ | ၃,၃၇၁.၆၅၀ | -၃,၃၆၀.၉၀၀ | ၂၀.၁၉၂ | ၁,၃၈၇.၀၀၆ | -၁,၃၆၆.၈၁၄ | ၁၈၇.၈၃% | ၄၁.၁၄% |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၆,၈၅၇.၁၃၄ သန်း ဖြစ်ပြီးအကောင်အထည်ဖော်နိုင်မှုကျပ် ၇,၉၈၉.၀၃၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၆.၅၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃)လပတ် လျာထားချက် ကျပ် ၁၀,၆၀၁.၅၈၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉,၃၁၉.၅၁၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၇.၉၁ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ဟိုတယ်၊မိုတယ်များမှ အဆောက်အအုံနှင့် မြေခွန်ရငွေများ ယာဉ်များအပေါ်ကောက်ခံသည့် နှစ်စဉ်ကြေးဘီးခွန်များ၊ မြေ၊ ဂရန်ဝန်ဆောင်ခရငွေများ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခရငွေ၊ ရေပုပ်စုပ်ယာဉ်ငှားရမ်းခရငွေနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံမှရငွေများ ပိုမိုရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းခွင့်လစာများ စိစစ်ဖြတ်တောက်ခြင်း၊ ပြည်တွင်း/ပြည်ပ သင်တန်းသွားရောက်မှုလျော့နည်းခြင်း၊ ဓာတ်အားခများအမှန်တကယ်သုံးစွဲသည့် ယူနစ်အလိုက်သာ ပေးချေရခြင်း၊ ဘိလပ်မြေစက်ရုံ (နေပြည်တော်)မှ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ (ဧပြီလမှစက်တင်ဘာလအထိ) အတွက်ပေးဆောင်ရန်လျာထားသော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်မှုမရှိသေးခြင်း၊ နေပြည်တော်နယ်နိမိတ်အတွင်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား လုပ်ငန်းလိုအပ်ချက်အရသာဆောင်ရွက်ရခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုင်ရာသင်တန်းနှင့် ICT သင်တန်းများဖွင့်လှစ်မှုမရှိသေးခြင်း၊ လုပ်ငန်းသဘာဝအရ ဌာနမှဆောင်ရွက်သည့် လုပ်ငန်းများနှင့်တင်ဒါစနစ်ဖြင့်ဆောင်ရွက်သောလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းပြီးစီးမှုအရသာကုန်ကျ ငွေများထုတ်ယူပေးချေခြင်းကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁၀.၇၅၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၀.၁၉၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၈၇.၈၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၃,၃၇၁.၆၅၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၃၈၇.၀၀၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၁.၁၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ရေမီတာရောင်းချရငွေများ ပိုမိုရရှိခဲ့ခြင်းကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဌာနမှဆောင်ရွက်သည့် လုပ်ငန်းများနှင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းပြီးစီးမှုအရ လုပ်ငန်းကုန်ကျငွေအား ထုတ်ယူပေးချေနိုင်မှုလျော့နည်းခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

၁။ ပြည်ထောင်စုဌာန၊အဖွဲ့အစည်းအားလုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၁၂.၈၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၇.၃၄ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၆၈.၉၃ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၁၀၃.၇၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၈.၅၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၄၈.၉၇ ရာခိုင်နှုန်း၊ကြွေးမြီအသုံးစရိတ် ၁၀၂.၈၄ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၇၉.၀၉ ရာခိုင်နှုန်းဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး သာမန်အသုံးစရိတ်ပိုင်းတွင်လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၃)လပတ် ရငွေ၊ သုံးငွေ များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် သာမန်ရငွေများ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေများ လျာထားသည်ထက် လျော့နည်းရရှိသဖြင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများကို ပေးအပ်မည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သုံးလပတ်အလိုက် ထည့်သွင်းလျာထားမှုကို ယခုထက်ပိုမိုနီးစပ်အောင် လျာထားသင့်ပါသည်။

၃။ သုံးငွေပိုင်းတွင် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အချို့ဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာငွေပေးချေရခြင်း၊ ပြည်ပ အကူအညီရငွေ၊ ချေးယူရငွေဖြင့်သုံးစွဲသောအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့်**

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန်စာရင်းအရ**

**အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ၂၀၁၉-၂၀၂၀ ဒုတိယ (၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၅,၁၁၀,၇၃၁.၈၈၇** | **၆,၀၉၀,၇၃၂.၀၆၁** | **(+)၉၈၀,၀၀၀.၁၇၄** |
| | သာမန် | ၄,၇၅၅,၉၆၈.၉၁၀ | ၅,၄၇၂,၉၀၃.၆၁၃ | (+)၇၁၆,၉၃၄.၇၀၃ |
| | ငွေလုံးငွေရင်း | ၃၉,၂၃၆.၉၄၉ | ၂၈,၄၆၅.၇၀၈ | (-)၁၀,၇၇၁.၂၄၁ |
| | ကြွေးမြီ | ၃၁၅,၅၂၆.၀၂၈ | ၅၈၉,၃၆၂.၇၄၀ | (+)၂၇၃,၈၃၆.၇၁၂ |
| (ခ) | **သုံးငွေ** | **၅,၁၀၇,၈၁၇.၆၃၂** | **၅,၈၆၃,၅၅၆.၃၉၂** | **(+)၇၅၅,၇၃၈.၇၆၀** |
| | သာမန် | ၃,၇၄၇,၈၃၄.၀၉၇ | ၄,၃၃၂,၃၉၉.၁၈၉ | (+)၅၈၄,၅၆၅.၀၉၂ |
| | ငွေလုံးငွေရင်း | ၁,၀၅၄,၅၃၅.၈၂၄ | ၉၆၃,၁၉၃.၆၂၈ | (-)၉၁,၃၄၂.၁၉၆ |
| | ကြွေးမြီ | ၃၀၅,၄၄၇.၇၁၁ | ၅၆၇,၉၆၃.၅၇၅ | (+)၂၆၂,၅၁၅.၈၆၄ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | **(+)၂,၉၁၄.၂၅၅** | **(+)၂၂၇,၁၇၅.၆၆၉** | **(+)၂၂၄,၂၆၁.၄၁၄** |

၅။ အထက်ပါဇယားအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေသည် ကျပ် ၉၈၀,၀၀၀.၁၇၄ သန်း ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၇၅၅,၇၃၈.၇၆၀ သန်း ပိုမိုသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။